# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၇၀)


### ဆင်းရဲဒုက္ခတို့ မကျရောက်

အမျက် 'ဒေါသ' ကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ – ၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်

(၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ မတ်လ ၁၉ ရက်)

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့ ၂၀၂၅ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ နေ့ထူးနေ့မြတ်၌ မွန်ပြည်နယ်နှင့် ဒေသအသီးသီးရှိ မွန်တိုင်းရင်းသားသွေးချင်းညီအစ်ကို မောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်းနှင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မွန်တိုင်းရင်းသားများသည် မြန်မာနိုင်ငံအတွင်းသို့ အစောဆုံးရောက်ရှိနေထိုင်ခဲ့သော လူမျိုးများတွင်ပါဝင်ပြီး ယဉ်ကျေးမှုနှင့် ဗုဒ္ဓဘာသာကို

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် မတ် ၁၈**

၂၀၂၅ ခုနှစ် မတ် ၁၉ ရက်တွင် ကျရောက်မည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ အခမ်းအနားသို့ တက်ရောက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ယနေ့ညနေပိုင်းတွင် တပ်မတော်လေယာဉ်ဖြင့် မော်လမြိုင်လေဆိပ်သို့ ရောက်ရှိကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားရိုးရာ အဖွဲ့များက နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး *စာမျက်နှာ ၄ ကော်လံ ၁* ❏




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး မွန်ပြည်နယ်နေ့အထိမ်းအမှတ်ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာအရောင်းပြခန်းများ ခင်းကျင်းပြသရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။


**ယနေ့** *ဖတ် စ ရာ*

မြစ်တစ်စင်းရဲ့ မိသားစု သို့မဟုတ် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ — ဆောင်းပါး — စာ ၈

မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတများဖြင့် ဖျော်ဖြေမည် — ပြည်တွင်းသတင်း — စာ ၁၀

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိ — ပြည်တွင်းသတင်း — စာ ၁၁

# အသုံးချခံမဖြစ်ရေးနှင့် ဘေးကင်းလုံခြုံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များမှာ အချိန်ကာလသတ်မှတ်ချက်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်နေရခြင်းဖြစ်သည့်အလျောက် အချိန်ယူ ဆောင်ရွက်နေ၍မရဘဲ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ အထူးသဖြင့် အန္တိမရည်မှန်းချက်ဖြစ်သော လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်နေရသည်။

လက်ရှိပြည်တွင်း၌ ဖြစ်ပေါ်နေသည့် အခြေအနေမှာ အမြင်ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒစွဲကိုင်ထားကြသည့် အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများက PDF အမည်ခံအကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ၏ပူးပေါင်းပါဝင်မှုကို ရယူကာ မြို့ရွာများကို တိုက်ခိုက်၍ အဓမ္မဝင်ရောက်နေထိုင်ခြင်း၊ သယံဇာတများကို ဥပဒေမဲ့တူးဖော် ခိုးယူရောင်းချခြင်း၊ ဒေသအနှံ့အပြားတွင်ရှိနေသည့် လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူအသီးသီးတို့ကလည်း ဒေသတွင်းရှိနေသည့် သဘာဝသယံဇာတများကို တရားမဝင်ခိုးထုတ်ခြင်း၊ တရားမဝင်ဂိတ်များဖွင့်လှစ်၍ ဂိတ်ကြေးများကောက်ခံခြင်း စသည်တို့အပါအဝင် ဒေသခံပြည်သူလူထုအပေါ်တွင် အကြောက်တရားဖြင့် လွှမ်းမိုးဖိနှိပ်ထားကာ နိုင်ငံပြိုကွဲပျက်စီးစေမည့် အဖျက်လုပ်ရပ်များကို ပြုလုပ်လျက်ရှိကြသည်။

ယင်းအခြေအနေများသည် နိုင်ငံအတွက် အန္တရာယ်ကြီးမားသည့်အလျောက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုက်ခိုက်ရှင်းလင်း နှိမ်နင်းသွားရမည်သာဖြစ်သည်။ မြို့များ၊ ရွာများအတွင်း အကြမ်းဖက်သောင်းကျန်းသူတို့ အဓမ္မတိုက်ခိုက်ဝင်ရောက်ကာ ပြည်သူလူထုအတွင်း ရောနှောနေထိုင်ခြင်း၊ သာသနိကအဆောက်အအုံများအတွင်း နေရာယူထားကြခြင်း စသည်တို့မှာ ရည်ရွယ်ချက်အားဖြင့် လူသားတံတိုင်းဖြင့် အကာအကွယ်ယူကြခြင်းဖြစ်သကဲ့သို့ တပ်မတော်၏ တုံ့ပြန်တိုက်ခိုက်မှုများ အခက်တွေ့စေရန်လည်း ဖြစ်သည်။ ယမန်နှစ် စက်တင်ဘာ ၃ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှာစကားပြောကြားရာတွင် "လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း" ထည့်သွင်းပြောကြားခဲ့ရာ ယင်းအမှာစကားကောက်နုတ်ချက်ကို တရားဝင်မီဒီယာများတွင် မကြာခဏ ဖော်ပြပေးလျက်ရှိသည်။

အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ ဝင်ရောက်နေထိုင်ကြသည့် မြို့၊ ရွာများမှ ဒေသခံပြည်သူများမှာ အချိန်ကြာလာသည်နှင့်အမျှ သရုပ်အမှန်ကို ပြသလာသည့် အကြမ်းဖက်သောင်းကျန်းသူများကို စက်ဆုပ်ရွံရှာလာကြပြီး တပ်မတော်ထံ သတင်းများပေးပို့လျက်ရှိကြသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးတို့ကို မဖြစ်မနေ ဆောင်ရွက်သွားရမည်ဖြစ်ရာ ဒေသခံပြည်သူများအနေဖြင့် မိမိကိုယ်ကို လူသားတံတိုင်းအဖြစ်မခံရေး၊ ဘေးကင်းလုံခြုံရေးအတွက် သောင်းကျန်းသူတို့နှင့် ဝေးရာတွင် ဂရုပြုနေထိုင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ ဒို့တာဝန်အရေး (၃) ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏ အဓိကလုပ်ငန်းကြီး (၃) ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

☆ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များကူညီဆောင်ရွက်ပေးရေး။

## မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ် အား ခန့်အပ်

နေပြည်တော် မတ် ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးအဖြစ် မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ် အား ခန့်အပ်ရန် နီကာရာဂွါသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာ မာရီယို ဟိုဆေး အာမန်ဂိုလ် ကမ်းပို့စ် အား ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်တွင် နီကာရာဂွါသမ္မတနိုင်ငံ ချွန်တာလက်စ်မြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် နီကာရာဂွါ သမ္မတနိုင်ငံ မာနာဂွါမြို့ရှိ နီကာရာဂွါအမျိုးသားကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တက္ကသိုလ်မှ သံတမန်ရေးရာနှင့် နိုင်ငံရေးရာ သိပ္ပံဘာသာရပ်ဖြင့် ဝိဇ္ဇာဘွဲ့ကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ လူမှုဗေဒနှင့် ဖွံ့ဖြိုးရေး ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ၂၀၂၂ ခုနှစ်တွင်လည်းကောင်း ရရှိခဲ့ပါသည်။ ၎င်းသည် ၂၀၂၃ ခုနှစ် မေလမှ ၂၀၂၄ ခုနှစ် မေလအထိ ဒိုမီနီကန်သမ္မတနိုင်ငံဆိုင်ရာ နီကာရာဂွါသံရုံး၌ သံရုံးယာယီတာဝန်ခံနှင့် သံမှူးကြီးအဖြစ် လည်းကောင်း၊ ၂၀၂၄ ခုနှစ်မှ ယနေ့အထိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော နီကာရာဂွါသံအမတ်ကြီးနှင့် စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် လာအိုနိုင်ငံဆိုင်ရာ ပူးတွဲတာဝန်ယူဆောင်ရွက်သည့် နီကာရာဂွါ သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ပင်လည်ဘူးမြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် မတ် ၁၈

မတ် ၁၈ ရက် မြန်မာစံတော်ချိန် ၁၄ နာရီ၊ ၁၉ မိနစ်၊ ၀၇ စက္ကန့်အချိန်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပင်လည်ဘူးမြို့၏ အနောက်တောင်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၇၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၁၁ ဒီဂရီ၊ အနက် ၆၄ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ပိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

** ရှေ့ဖုံးမှ*

ဦးဦးဖျားဖျားရရှိခဲ့ကြောင်း ရှေးဟောင်းမွန်ကျောက်စာများနှင့် စာပေအထောက်အထားများစွာမှ သက်သေခံလျက်ရှိပါသည်။ ထို့အပြင် မြတ်စွာဘုရားရှင် ပွင့်တော်မမူမီကတည်းက သထုံဒေသ ဝန်းကျင်တွင် သုဝဏ္ဏဘူမိတိုင်းပြည်အဖြစ် ထူထောင်ကာ ဘာသာ၊ သာသနာ၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် အနုသုခုမပညာရပ်များကို ထိန်းသိမ်းပြီး ရာမညတိုင်းအဖြစ် ဂုဏ်ကျက်သရေတင့်တယ်စွာ ရပ်တည်ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သီဟသုဓမ္မမင်း၊ မနူဟာမင်း စသည့် ထင်ရှားကျော်ကြားသော သာသနာပြု မင်းကောင်းမင်းမြတ်များ၊ ဝေါဆရာတော် ဦးဥတ္တမရမ္မ၊ ဦးသီလဝန္တ (မင်းရွှေဂို)စသည့် ကျမ်းဂန်တတ် ရဟန်းပညာရှိများ၊ ပထမဆုံး အနောက်တိုင်းဆေးပညာရှင် ဒေါက်တာရှောလူး၊ သိပ္ပံမောင်ဝ၊ ဒေါက်တာနိုင်ပန်းလှ၊ ဒေါက်တာမင်းတင်မွန် စသည့် ပညာရှိများနှင့် စာပေပညာရှင်များ၊ ရာဇဓိရာဇ်၊ လဂွန်းအိမ်၊ သမိန်ဗရမ်း စသည့် သူရသတ္တိနှင့်ပြည့်စုံသော သူရဲကောင်းများ ပေါ်ထွန်းခဲ့ပြီး သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးနောက် မွန်ပြည်နယ်အား ၃၀-၄-၂၀၂၂ ရက်နေ့မှစ၍ ခရိုင်လေးခုနှင့် မြို့နယ် ၁၀ ခုတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းပြီး တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မွန်ပြည်နယ်သည် အရှေ့ဘက်တွင် ကရင်ပြည်နယ်နှင့် ထိုင်းနိုင်ငံ၊ အနောက်ဘက်တွင် မုတ္တမကွေ့၊ မြောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ပထဝီအနေအထားအရ အဓိကကျစွာ တည်ရှိနေပါသည်။ ကွန်ရက်သဖွယ်စီးဆင်းနေသော သံလွင်မြစ်၊ ဂျိုင်းမြစ်၊ အတ္ထရံမြစ်နှင့် ဒုံသမိမြစ်တို့ဖြင့် ရေလမ်း၊ ကုန်းလမ်းဆုံရာ အချက်အချာနေရာတွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

မွန်ပြည်နယ်သည် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်တွင် တည်ရှိသော ပြည်နယ်တစ်ခုဖြစ်သည့်အပြင် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် အရေးပါသောဗဟိုဆိပ်ကမ်းနေရာတစ်ခုဖြစ်ပါသည်။ ထို့အပြင် ရာသီဥတုမျှတကောင်းမွန်ပြီး ရှုမောဖွယ်ရာ တောတောင်မြစ်ချောင်းများ၊ စိမ်းလန်းစိုပြည်သော သစ်တောများ၊ သဘာဝရေမြေသယံဇာတများ၊ ဒေသထွက်သစ်သီးဝလံများ ပေါများဖြစ်ထွန်းကြွယ်ဝပြီး ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။

ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း မွန်ပြည်နယ်တွင် ထူးခြားထင်ရှားသော ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး အပါအဝင် ကျိုက်ပေါလောမှဲ့ရှင်တော်ဘုရား၊ ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက်မရောဆုတောင်းပြည့်ဘုရား၊ ကျိုက္ခမီရေလယ်ဘုရား စသည့်သမိုင်းဝင်တန်ခိုးကြီးဘုရားစေတီများစွာတို့ဖြင့် သာသနာ့ဂုဏ်ရောင် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ သာသနာပြုပုဂ္ဂိုလ်များနှင့် ရှင်အရဟံမထေရ်မြတ်ကြီးတို့၏ ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရာ နေရာဒေသဖြစ်ခဲ့သည်ကိုလည်း သမိုင်းမှတ်တမ်းများအရ အထင်အရှားတွေ့မြင်ရသည်မှာလည်း ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံသည် ပြည်သူများ၏ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း ဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံအဖြစ်သို့ စတင်လျှောက်လှမ်းနေချိန် ဖြစ်ပါသည်။ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်မည်ဖြစ်ပါသည်။

စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ့အင်အားကို ခိုင်မာတောင့်တင်းစေပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံ့အကျိုးစီးပွားကို ဖြစ်ထွန်းစေပါသည်။ မျက်မှောက်ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများကို ကြည့်ပါက စည်းလုံးညီညွတ်မှုအင်အားဖြင့် အခိုင်အမာတည်ဆောက်ထားကြသည်ကို တွေ့ရှိနိုင်ပါသည်။ **"ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်"** ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရမည်ဖြစ်ပါသည်။ သို့သော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏အခြေအနေမှာ တည်ဆောက်ရေးကို မလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကြိုးစားကာကွယ်နေကြရသဖြင့် တည်ငြိမ်အေးချမ်းမှုအားနည်းပြီး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဆဲ ဖြစ်နေပါသည်။

- **အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်းအဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်**
- **ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲကေန်ပင်ဖြစ်**

ယနေ့ ဖြစ်ပေါ်လျက်ရှိသော ပဋိပက္ခများနှင့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများမှာ နိုင်ငံရေးအမြင်မတူညီမှုများကို အခြေခံသကဲ့သို့ တသီးတခြားရပ်တည်လိုစိတ်နှင့် အတ္တအကျိုးစီးပွားကိုသာ ရှေ့တန်းတင်နေကြခြင်းကြောင့်လည်း ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။ နယ်မြေဒေသအသီးသီးတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နိုင်ငံတော်အခြေခံအဆောက်အအုံများနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်သုဉ်းကာ ဆင်းရဲဒုက္ခရောက်နေကြရပါသည်။ အကြမ်းဖက်မှုများ၏ နောက်ကွယ်တွင် ပြည်တွင်းပြည်ပမှ အမျိုးမျိုးသောပံ့ပိုးမှုများနှင့် သွေးထိုးလှုံ့ဆော်မှုများပါဝင်နေသည်ကိုလည်း နိုင်ငံသားတိုင်း သတိချပ်သင့်ပြီး စည်းလုံးညီညွတ်မှုပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများအပေါ်တွင် သင်ခန်းစာယူကြရန် အချိန်အခါကျရောက်နေပြီဖြစ်ကြောင်း အသိပေးလိုပါသည်။

ယနေ့ လက်နက်ကိုင်တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လုပ်ဆောင်နေကြသည့် တိုင်းရင်းသားလက်နက်ကိုင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပတ်သက်သူများကိုလည်း ပြည်သူများ ဒုက္ခရောက်စေပြီး နိုင်ငံကို အန္တရာယ်ကျရောက်စေမည့် လုပ်ရပ်များကို နိုင်ငံနှင့်ပြည်သူအကျိုးရှေးရှု၍ ရပ်တန့်ပေးကြရန် အသိပေးမှာကြားလိုပါသည်။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသော မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည့် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော၊ အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေးကို သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲကျင်းပနိုင်ရေး လိုအပ်လျက်ရှိသော နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပစ္စုပ္ပန်ကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အချိန်တိုအတွင်းတွင် ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံက အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွပူးပေါင်းဆောင်ရွက်ကြရန် အလေးအနက် တိုက်တွန်းမှာကြားလိုပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရန် ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသော ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ ဒေသအလိုက် သဘာဝထွက်ကုန်ကြမ်းများကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များကို အားပေးမြှင့်တင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ ရေခံမြေခံကောင်းမွန်ပြီး သဘာဝအရင်းအမြစ်များ ကြွယ်ဝသော မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို တိုးမြှင့်နိုင်မည်ဆိုပါက ဒေသခံပြည်သူများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ လူမှုစီးပွားဘဝ ယခုထက်ပိုမို၍ တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရာတွင်လည်းကောင်း တိုင်းရင်းသားပြည်သူအားလုံး အသိပညာ၊ အတတ်ပညာ ပြည့်ဝရေးသည် အဓိကကျပါသည်။ ယနေ့အချိန်တွင် အနာဂတ်အင်အားများဖြစ်သည့် လူငယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများ မြှင့်တင်ကာ ဘက်စုံပညာဖွံ့ဖြိုးတိုးတက်အောင် ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။ လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တ ကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်များရရှိပြီး တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်လိုစိတ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်စေရေးအတွက် စနစ်တကျလေ့ကျင့်ပျိုးထောင်ရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံသားတိုင်း အနည်းဆုံး KG+9 အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ရေးနှင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များ ပေါများရေးဟူသည့် ပညာရေးမျှော်မှန်းချက်များ အောင်မြင်စေရန် ကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ ဆရာ၊ ဆရာမများ၏ စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကျောင်းဥပဓိရုပ်ကောင်းမွန်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များပေါ်ပေါက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်ဆိုပါက ကဏ္ဍပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

အနာဂတ်တွင် ထာဝရတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးသာယာဝပြောသော တိုင်းပြည်ဖြစ်ပေါ်လာစေရန်အတွက် တိုင်းရင်းသားပြည်သူအားလုံး၏စိတ်တွင် မြန်မာဆိုသော စိတ်ထားတစ်ခုတည်း အဖြစ်ခံယူနိုင်ရေး အဓိကလိုအပ်သည့် စိတ်ဓာတ်နှင့် ပညာအရာတို့ကို မြှင့်တင်ပေးကြရမည်ဖြစ်ပါသည်။ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူအားလုံးသည် စိတ်ဓာတ်ကောင်းမွန်ကြပြီး အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်တုံတရားများဖြင့် စည်းလုံးညီညွတ်စွာ အတူလျှောက်လှမ်းကြမည်ဆိုပါက ပြည်ထောင်စုကြီး၏ ရှေ့ခရီးသည်လည်း အစဉ်ချောမွေ့သာယာနေမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်ရေးလုပ်ငန်းများတွင် မွန်ပြည်နယ်နှင့် မွန်တိုင်းရင်းသားများနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ကိုအခြေခံကာ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းလျက် ယနေ့ကျရောက်သည့် (၅၁)နှစ်မြောက် မွန်ပြည်နယ်နေ့ကို ဂုဏ်ပြုသဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❑ ရွှေဖုံးမှ

ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး နှင့်အဖွဲ့သည် မော်လမြိုင်မြို့ သမိန်ဗရမ်း (ဘက်စုံသုံးကွင်း) ၌ ကျင်းပသည့် (၅၁) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာ အရောင်းပြခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ ဒေသထွက်ကုန်နှင့် ရိုးရာအစားအစာအရောင်းဆိုင်များ ခင်းကျင်းပြသမှုရည်ရွယ်ချက်၊ ပြည်နယ်အတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့နှင့်အတူ ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးတို့က ပြခန်းဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် မျိုးစေ့ချကိရိယာ ချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး မြို့နယ်အလိုက် တောင်သူများထံသို့ မျိုးစေ့ချကိရိယာများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့်အဖွဲ့သည် မွန်ပြည်နယ်နေ့အထိမ်းအမှတ် ပြခန်းများ၊ MSME ဒေသထွက်ကုန်နှင့် တိုင်းရင်းသားရိုးရာ အစားအစာ အရောင်းပြခန်းများ ခင်းကျင်းပြသရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြခန်းများကို မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်များကို တိုင်းရင်းသားပြည်သူများ လေ့လာသိရှိနိုင်စေရန်နှင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာ အစားအစာများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ ခင်းကျင်းပြသခြင်းဖြစ်ပြီး လယ်ယာကဏ္ဍကြီးပြခန်း ကိုးခန်း၊ စက်မှုကဏ္ဍကြီးပြခန်း ၁၀ ခန်း၊ ဝန်ဆောင်မှုကဏ္ဍကြီးပြခန်း ကိုးခန်း၊ ပညာရေးပြခန်း ခုနစ်ခန်း၊ ကျန်းမာရေးပြခန်း ရှစ်ခန်း၊ အသေးစား၊ အငယ်စား၊ အလတ်စားထုတ်ကုန် အရောင်းပြခန်း ၂၁ ခန်းအပြင် မြန်မာ့သနပ်ခါးကို တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ပြခန်းကိုလည်း ထည့်သွင်းပြသထားကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တောင်သူတစ်ဦးထံ မျိုးစေ့ချကိရိယာ ပေးအပ်စဉ်။

## သီးနှံ့သစ်တော ရောနှောစိုက်ပျိုးခြင်း သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁၈**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောဦးစီးဌာန AFoCO RETC စီမံကိန်းသင်တန်းကျောင်းသည် AFoCO အဖွဲ့ဝင်နိုင်ငံများမှ သင်တန်းသားများ ဖိတ်ကြား၍ သစ်တောဆိုင်ရာတိုးချဲ့ပညာပေး အစီအစဉ်များကိုနှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒေသခံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ သီးနှံ့သစ်တောရောနှောစိုက်ပျိုးခြင်းသင်တန်းကို မတ် ၁၈ ရက် နံနက်က မှော်ဘီမြို့ သင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းသန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး AFoCO Secretariat မှ Program Officer၊ Ms. Soozin Ryang က သင်တန်းဖွင့် အမှာစကားပြောကြားသည်။



အဆိုပါသင်တန်းကို ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သင်တန်းသား ၂၀ တို့ တက်ရောက်ကြပြီး သစ်တောဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ သင်တန်းဆရာ ခုနစ်ဦးက မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တာကာလအတွင်း သီးနှံ့သစ်တော ရောနှောစိုက်ပျိုးခြင်းစနစ်တွင် အကျိုးသက်ရောက်မှုများ၊ ဒေသနှင့် ကိုက်ညီသည့် နှစ်တို/ရှည် သီးနှံပင်များ၊ မြန်မာနိုင်ငံ၏ ဝါးများနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဆိုင်ရာများ၊ သီးနှံ့သစ်တောစနစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို စာတွေ့လက်တွေ့ သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။ **ကိုဇော်**

## ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ရရှိသူပညာရှင် စုစုပေါင်း ၆၄၈ ဦးကို မွေးထုတ်နိုင်ခဲ့

**ရန်ကုန် မတ် ၁၈**

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ဆေးပညာသင်ကြားရေးဒီပလိုမာ ဘွဲ့လွန်သင်တန်းကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ ပညာသင်နှစ်အထိ ဆေးပညာသင်ကြားရေးဒီပလိုမာဘွဲ့ရရှိသူပညာရှင် စုစုပေါင်း ၆၄၈ ဦးကို မွေးထုတ်နိုင်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွှယ်တက္ကသိုလ်များနှင့် ဆေးရုံများတွင် ဆေးလက်တွေ့သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

၂၀၂၅ ပညာသင်နှစ် ဆေးပညာသင်ကြားရေး ဒီပလိုမာ (Diploma in Medical Education-Dip. Med.Ed ) ဘွဲ့လွန်သင်တန်းအမှတ်စဉ်(၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်၌ ကျင်းပခဲ့ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာ တင်ထွန်းက အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ပါမောက္ခ ဒေါက်တာ ဖေသက်ခင်၊ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ Module Supervisor များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ၊ သင်တန်းသားသင်တန်းသူ ၃၆ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် ဆေးတက္ကသိုလ်များနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များမှ Module Supervisor များက သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလအတွင်း အလုပ်ရုံဆွေးနွေးပွဲများနှင့် Assignment များ ပါဝင်မည်ဖြစ်ကာ သင်တန်းအမှတ်စဉ် (၂၀) ၏ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၈ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃–၉–၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ - ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၁၈**

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ–ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ – ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၃) ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက ကဏ္ဍအလိုက် လုပ်ငန်းစီမံချက် –Plan of Actionများကိုအကောင်အထည်ဖော်ရာတွင် ရေတိုအကျိုးရလဒ် – Quick Win ရရှိမည့် လုပ်ငန်းစဉ်များကို ရွေးချယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘဏ္ဍာနှစ်အလိုက် ဘဏ္ဍာငွေလျာထားမှုများကို ကြိုးကြပ်ဆောင်ရွက်ပေးကြရန်နှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀ – ၂၀၂၅) ကာလပြီးစီးသွားပါက ဆောင်ရွက်ရန်ကျန်ရှိသော လုပ်ငန်းစီမံချက်များအပေါ် လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိသော ရှေ့ဆက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစီမံချက်များကို ဖော်ထုတ်ထားကြရန် လိုအပ်ပါကြောင်းနှင့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆ – ၂၀၃၀) ကို ရေးဆွဲရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌက ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၀၀ ဘီလီယံ သတ်မှတ်လျာထားရာ ၂၀၂၅ ခုနှစ် မတ် ၁၂ ရက်အထိ စာရင်းများအရ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇၉၃ ဘီလီယံဖြင့် ၇၈ ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ကုန်ဆုံးခါနီးပြီဖြစ်၍ သတ်မှတ်လျာထားချက်များကို အတတ်နိုင်ဆုံး ပြည့်မီအောင်ဆောင်ရွက်နိုင်ရန်နှင့် ပို့ကုန်နှစ်ဆတိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ ပို့ကုန်လုပ်ငန်းရှင်များက အမြဲထိတွေ့ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များ၊ ပုဂ္ဂလိက အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကဏ္ဍအလိုက် ကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် လုပ်ငန်းစီမံချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် အစိုးရ – ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သင့်သည်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တနင်္သာရီငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ခရု ကမာ စမ်းသပ်သားဖောက်မွေးမြူ သုတေသနပြု

**နေပြည်တော် မတ် ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် မတ် ၁၆ ရက်တွင် မြိတ်တက္ကသိုလ်ရှိ အဏ္ဏဝါသိပ္ပံဌာန၌ တနင်္သာရီ ငါးလုပ်ငန်းသုတေသနရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ခရု ကမာ စမ်းသပ်သားဖောက်မွေးမြူခြင်း သုတေသနလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဦးစွာ မြိတ်တက္ကသိုလ် ပါမောက္ခချုပ်နှင့် အဏ္ဏဝါသိပ္ပံဌာန ပါမောက္ခဌာနမှူးက ခရုညို၊ စားကမာ၊ ချင်းခရုဖြူ၊ ခရင်းကမာတို့ကို စမ်းသပ်သားဖောက်ခဲ့သော နည်းစနစ်များနှင့် အသားတိုးမွေးမြူသော နည်းစနစ်များကို သုတေသနပြုလုပ်ခဲ့မှု၊ ခရုကမာမွေးမြူရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့မှု၊ သုတေသနစာတမ်းပြုစုပြီးစီးမှုနှင့် စားကမာ မွေးမြူထားရှိမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက မွေးမြူရေး ရေလုပ်ငန်းထွက်ကုန်ပစ္စည်းများမှ ပြည်တွင်းစားသုံးမှုဖူလုံစေရေးနှင့် ပို့ကုန်ကဏ္ဍမှ နိုင်ငံခြားငွေတိုးတက်ရရှိစေရန် ၊ ရေနေသတ္တဝါဆိုင်ရာ မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရေးတို့အတွက် သုတေသနလုပ်ငန်းများဖြင့် အကျိုးပြုနိုင်ရေး တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး စားကမာ မွေးမြူထားရှိမှုနှင့် စားကမာ အစာသုတေသနပြု ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် မြိတ်တောင်ကျေးရွာအုပ်စု အင်းလေးမြိုင်စက်မှုဇုန်ရှိ ဖဲင(န်)တေ့(ချ်) ကုမ္ပဏီလီမိတက်၊ ခိုင်ဇင်ယော်ကုမ္ပဏီလီမိတက်နှင့် ထူးထူးတိုးကုမ္ပဏီလီမိတက်တို့၏ ငါးအမှုန့်ကြိတ်စက်ရုံများ၏ ပါကေးငါး(ကုန်ကြမ်း)များ ရေရှည်ရရှိနိုင်ရေးအတွက် လုပ်ဆောင်ထားမှုနှင့် ငါးအမှုန့်ကြိတ်လုပ်ငန်း၏ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ငါးအမှုန့်ကြိတ်လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ လုပ်ငန်းကဏ္ဍအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာလက်ရွေးစင် ယူ -၂၂ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်) ယူ -၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၉**

2025, SEA Games& ASEAN Championship နှင့် အာရှခြေစစ်ပွဲများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် မြန်မာ့လက်ရွေးစင် ယူ–၂၂ အမျိုးသားဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်) ယူ–၂၂ အမျိုးသားဘောလုံးအသင်းတို့၏ ခြေစမ်းပွဲကို မတ် ၁၉ ရက်၊ ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD ၊ MRTV Parlia–ment ၊ MRTV Entertainment Channel များနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား International Buddhist Confederation (IBC) မှ အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် မတ် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား အိန္ဒိယနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် International Buddhist Confederation (IBC) အထွေထွေအတွင်းရေးမှူး Ven. Shartse Khensur Rinpoche Jangchup Choeden နှင့် အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဝဲပုံ)**

တွေ့ဆုံစဉ် ဗုဒ္ဓသာသနာထွန်းကားသည့် နိုင်ငံငါးနိုင်ငံသာမက ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာထွန်းကားပြန့်ပွားရေး၊ ပါဠိဘာသာပြန့်ပွားရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် မီဒီယာကဏ္ဍ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရေး၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်နှင့်အညီ နေထိုင်သွားရေး၊ နှစ်နိုင်ငံ မီဒီယာသင်တန်းများ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် International Buddhist Confederation (IBC) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး H.E.Mr. Harishchandra Ghimire ကို ယနေ့ မွန်းလွဲပိုင်းတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ၂၀၂၅ ခုနှစ် မတ်လအတွင်း ရန်ကုန်မြို့နှင့် နေပြည်တော်တွင် "Nepal-Myanmar Partnership in Digital Transformation Program" ခေါင်းစဉ်ဖြင့် ကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သက်ဆိုင်ရာ ကဏ္ဍများအလိုက် Information and Technology (IT) နည်းပညာရပ်များကို လက်တွေ့တာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများကို အဆိုပါအစီအစဉ်များသို့ ပါဝင်တက်ရောက်ပေးပါရန် ဖိတ်ကြားလိုသည့်ကိစ္စရပ်များ၊ ဘာသာရေးနှင့် ယဉ်ကျေးမှုနယ်ပယ်များတွင် IT နည်းပညာဖြင့် ဝန်ဆောင်မှုပေးနိုင်မည့်ကိစ္စရပ်များအပေါ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ခေါင်းဆောင်မှုမြှင့်တင်ရေးနှင့် အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်လှစ်

**ရန်ကုန် မတ် ၁၈**

ခေါင်းဆောင်မှု မြှင့်တင်ရေးနှင့် အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း (Leadership Enhancement and Organization Development Training) ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး Conference Room ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းအောင်မြင်စေရန် ခေါင်းဆောင်မှုကဏ္ဍသည် အရေးကြီးကြောင်း၊ အဖွဲ့အစည်း၏ လုပ်ငန်းများအောင်မြင်စေရန် ဦးဆောင်တာဝန်ယူရသူတစ်ဦးတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများသည် အရေးကြီးကြောင်း၊ ခေါင်းဆောင်မှုနှင့် လေ့လာမှုတို့သည် အမြဲခွန်တွဲလျက်ရှိကြောင်း၊ ခေါင်းဆောင်ရာတွင် အသိဉာဏ်ပညာနှင့် မိမိကိုယ်တိုင် စည်းကမ်းလိုက်နာ ထိန်းသိမ်းရသကဲ့သို့ သူတစ်ပါးအပေါ်တွင်လည်း စာနာထောက်ထားတတ်ရန် လိုအပ်ကြောင်း၊ သင်တန်းမှ သင်ကြားမှုများသည် ဝန်ထမ်းများ၏ ခေါင်းဆောင်မှုအရည်အသွေးများ မြှင့်တင်ရုံသာမက ပူးပေါင်းဆောင်ရွက်မှု စွမ်းရည်များကိုပါ တိုးတက်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က မဟာဗျူဟာမြောက် ခေါင်းဆောင်မှုနှင့် ပဋိပက္ခစီမံခန့်ခွဲမှု အကြောင်းကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်က ခေါင်းဆောင်မှုလက်တွေ့အခန်းကဏ္ဍကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦးက အဖွဲ့တည်ဆောက်ခြင်း အကြောင်းကို လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ကောင်စစ်ရေးရာကိစ္စရပ်များ အမြင်ချင်းဖလှယ်ဆွေးနွေး

**နေပြည်တော် မတ် ၁၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် ဖိလစ်ပိုင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Eduardo Jose A.De Vega (Deputy Foreign Minister, Undersecretary for Migrant Workers' Affairs, Department of Foreign Affairs) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံကောင်စစ်ရေးရာ ကိစ္စရပ်များ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အခွင့်အလမ်းရှာဖွေရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire အား ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံစဉ် မြန်မာ– နီပေါ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ အီလက်ထရောနစ် ကျန်းမာရေးသတင်းအချက်အလက်စနစ်၊ အီလက်ထရောနစ် ဆေးမှတ်တမ်းစနစ်၊ အီလက်ထရောနစ် ပြည်သူ့ကျန်းမာရေး သတင်းအချက်အလက်စနစ်နှင့် အီလက်ထရောနစ်ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှုစနစ် အစရှိသည်တို့တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာ–နီပေါ နှစ်နိုင်ငံကျန်းမာရေးပညာရှင်များ၊ အထူးကုဆရာဝန်များ အပြန်အလှန်စေလွှတ်၍ အတွေ့အကြုံဖလှယ်ရေးကိစ္စရပ်များကို ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မျက်စိကျန်းမာရေးစောင့်ရှောက်မှုနှင့် ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးလျက်ရှိ

**ပဲခူး မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ မတ် ၁၈ ရက် နံနက်ပိုင်းက ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ မျက်စိခွဲစိတ်ကုသမှု ပြီးစီးသည့် လူနာများအား သွားရောက်ကြည့်ရှု အားပေးသည်။

### လိုက်လံကြည့်ရှု

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် အောင်သုခဆေးကုသဆောင်သို့ ရောက်ရှိပြီး မျက်စိခွဲစိတ်ကုသမှုပြီးစီးခဲ့သည့် လူနာများနှင့်တွေ့ဆုံ၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် မျက်စိကျန်းမာရေး စောင့်ရှောက်မှုနှင့် မျက်စိခွဲစိတ်ကုသမှု ခံယူထားသည့် ပြည်သူများအား လိုက်လံကြည့်ရှုသည်။

### ခွဲစိတ်ကုသပေးလျက်ရှိ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မျက်စိခွဲစိတ် ကုသမှုခံယူပြီးသူများအား မျက်စိကျန်းမာရေးမျက်မှန်များ တပ်ဆင်ပေးပြီး **(အပေါ်ပုံ)** အာဟာရဖြည့်စွက်စာများ ပေးအပ်၍ မျက်စိခွဲစိတ် ကုသပေးခဲ့သည့် ဆရာဝန်ကြီးများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင် အတွင်းရှိ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သော လူနာများနှင့် မျက်စိခွဲစိတ်ကုသမှု လိုအပ်သော လူနာများအတွက် ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ပြီးခဲ့သည့် နှစ်ပတ်ခန့်မှစ၍ လူနာ ၈၅၀ ကို စမ်းသပ်ပေးခဲ့ပြီး ခွဲစိတ်ရန်လိုအပ်သည့် လူနာ ၂၅၀ အတွက် ပဲခူးမြို့မှ မျက်စိဆရာဝန်ကြီး နှစ်ဦး၊ တောင်ငူမြို့မှ မျက်စိဆရာဝန်ကြီး တစ်ဦး၊ ပြည်မြို့မှ မျက်စိအထူးကု ဆရာဝန်တစ်ဦးဖြင့် မတ် ၁၇ ရက်မှစ၍ တစ်ရက်လျှင် လူနာ ၅၀ အား ခွဲစိတ်ကုသ ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၈**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Harishchandra Ghimire ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နီလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စာရင်းစစ်ဆေးရာ၌ Manual မှ Digital စနစ်သို့ ပြောင်းလဲလာမှုများ၊ နည်းပညာအသုံးချဆော့ဖ်ဝဲလ်များ အသုံးပြုနေမှု၊ သတင်းအချက်အလက်နှင့် နည်းပညာအသုံးပြု၍ IT Audit ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့သောင်းမြို့၌ လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေး

**ကော့သောင်း မတ် ၁၈**

ကော့သောင်းမြို့ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနတို့ ပူးပေါင်း၍ လေထုညစ်ညမ်းမှု (PM 2.5)အကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လေထုညစ်ညမ်းမှု (PM2.5) နှင့်ပတ်သက်သည့် သိလိုသောအကြောင်းအရာများကို မေးမြန်းရာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက လေထုညစ်ညမ်း ဖြစ်စေသော (PM2.5) အကြောင်းအရာများ၊ (PM2.5) ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ (PM2.5) ထဲတွင်ပါဝင်သော ဓာတ်ငွေ့များအကြောင်း၊ (PM2.5)၏ ဆိုးကျိုးများအကြောင်း၊ (PM2.5)မြင့်မားလာပါက လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ (PM2.5) လျော့ကျအောင်လုပ်ဆောင်ရမည့် နည်းလမ်းများ/ ရှောင်ရှားရမည့် နည်းလမ်းများနှင့် (PM2.5) နှင့် စီးပွားရေးထိခိုက်မှု ဆက်စပ်နေသည့်အကြောင်းကို ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (၉)နှစ်ပြည့် ဂုဏ်ပြုဆောင်းပါး

# မြစ်တစ်စင်းရဲ့ မိသားစု သို့မဟုတ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အသီးအပွင့်များ

ဇာနည်(ကျေးလက်)

ထွန်းသစ်စ နေရောင်ခြည်အောက်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာလေးသည် ရှမ်းအိုးစည်သံများ၊ တိုးနရားကကွက်ဆန်းများ၊ ရိုးရာဝတ်စုံဝတ်ဆင်ထားသော အင်းတိုင်းရင်းသား တိုင်းရင်းသူများ၏ လှပညီညာသော ရိုးရာအကများဖြင့် စည်ကားပျော်ရွှင် အသက်ဝင်လျက်ရှိသည်။

ပျော်ရွှင်မှုအပြည့်နှင့် ကျေနပ်မှုများ ထင်ဟပ်နေသော မျက်နှာဟန်ပန်အမူအရာများဖြင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ရွာအလယ်ဗဟိုရှိ မဏ္ဍပ်နေရာတွင် စုဝေးရောက်ရှိနေကြသည်။ ကျေးရွာအတွက် အထူးလိုအပ်လျက်ရှိသော သန့်ရှင်းသော သောက်သုံးရေကို အချိန်မရွေးရရှိစေရန်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာရေပေးရေးစီမံကိန်း အောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကို ယခုလို စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းဖြစ်သည်။




ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာ၌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia နှင့် တာဝန်ရှိသူများ ကုန်းခြံကျေးရွာ ရေဖြန့်ဖြူးရေးစနစ် ဖွင့်လှစ်ပေးကြစဉ်။ (၆–၂–၂၀၂၅)

သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ရေသည်မရှိမဖြစ် အရေးပါသည်။ ထို့အပြင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများအတွက်လည်း ရေသည် အရေးကြီးသော အရင်းအမြစ်တစ်ခုဖြစ်သည်။ မိုးရေစက်များ ဆင်းသက်လာသည်နှင့်အမျှ မြန်မာ့ကျေးလက်ရှုခင်းသည် စိမ်းစိုနေသော စိုက်ခင်းပြင်များ၊ သစ်ပင်များဖြင့် ပြည့်နှက်လှပနေသည်။ သို့သော် မိုးရာသီပြီးဆုံးသွားသည်နှင့် အချို့ကျေးလက်ဒေသများသည် ရေရှားပါးမှုဒဏ်ကို ခံစားကြရသည်။

သောက်သုံးရေရရှိစေရန် ဝေးလံသော ရေအရင်းအမြစ်မှ ရေကို သယ်ယူသုံးစွဲကြရသည်။ ချိုးရေကို ခံယူ၍ တိရစ္ဆာန်များ သောက်ရေအဖြစ် အသုံးပြုကြရသည်။ တောင်ပေါ်ဒေသများတွင်တော့ မိုးရာသီတွင် စိမ့်စမ်းများအတွင်း ရေများနောက်ကျိနေပြီး နွေရာသီတွင် ကြည်လင်သွားသဖြင့် မိုးရာသီတွင် သန့်ရှင်းသော သောက်သုံးရေရှားပါးမှုဒဏ်ကို ခံစားကြရပြန်သည်။

မြန်မာ့ကျေးလက်ဒေသ၏ ရေရှားပါးမှုပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မဟာဗျူဟာမြောက် အစီအစဉ်များ ရေးဆွဲချမှတ်ကာ ကျေးလက်သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ပြည်တွင်း/ပြည်ပ အလှူရှင်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍သော်လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

ယခုအခမ်းအနားကျင်းပနေသော ကုန်းခြံကျေးရွာလေးအပါအဝင် ရပ်စောက်မြို့နယ် ကျောက်တောကျေးရွာနှင့် လွိုင်လင်မြို့နယ် ဆင်တောင်ကျေးရွာတို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ထောက်ပံ့ငွေဖြစ်သော မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရေသန့်စင်စနစ်ပါဝင်သော အိမ်တိုင်ရာရောက်ရေရရှိရေး စီမံကိန်းကို ကျေးလက်ဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

သတ်မှတ်စီမံကိန်းကာလမှာ နှစ်နှစ်ဖြစ်သော်လည်း ကျေးလက်ဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှု၊ ကျေးရွာသူ ကျေးရွာသားများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် တစ်နှစ်အတွင်း လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ ပြီးစီးခဲ့သဖြင့် ယခုလို စီမံကိန်းအောင်မြင်ခြင်း အခမ်းအနား ဆင်နွှဲနေကြခြင်းဖြစ်သည်။

## မဲခေါင်–လန်ချန်းစီမံကိန်း စတင်ဖြစ်ပေါ်လာပုံ

မဲခေါင်–လန်ချန်းစီမံကိန်း စတင်ဖြစ်ပေါ်လာခဲ့ပုံမှာ မဲခေါင်မြစ် ဖြတ်သန်းစီးဆင်းရာ နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား မဲခေါင်မိသားစု အယူအဆ (Mekong Family Concept) ကို မြန်မာနိုင်ငံ နေပြည်တော်မှ သန္ဓေတည် အစပျိုးခဲ့ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇) ကြိမ်မြောက် အာဆီယံ–တရုတ် ထိပ်သီးအစည်းအဝေးတွင် မဲခေါင်ဒေသတွင်း နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် လိုအပ်နေသည့်အတွက် မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်တစ်ရပ် ထူထောင်ရန် တရုတ်နိုင်ငံမှ အဆိုပြုခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်ကို ဒေသတွင်းနိုင်ငံများအကြား ဖြတ်သန်းစီးဆင်းနေသည့် မဲခေါင်မြစ်၏ ရစ်ပတ်စုစည်းထားမှုပုံစံဖြင့် တင်စားဂုဏ်ပြုပြီး “မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု (Mekong–Lancang Cooperation – MLC)” ဟု ခေါ်ဆိုခဲ့ကြသည်။

ထိုအချိန်မှစ၍ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည့် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ် စတင်ခဲ့ခြင်းဖြစ်ကြောင်း လေ့လာခဲ့ရသည်။

## မဲခေါင်–လန်ချန်းစီမံကိန်း ရည်ရွယ်ချက်

မဲခေါင်–လန်ချန်းစီမံကိန်းကို မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချသွားရန်၊ အာဆီယံအသိုက်အဝန်း တည်ထောင်မှုကို အထောက်အကူပြုရန်၊ ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၏ ၂၀၃၀ ရည်မှန်းချက်များ (The 2030 Agenda for Sustainable Development) ကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး (South–South Cooperation)ကို တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်သည်။

## မဲခေါင်–လန်ချန်းရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ

သမဝါယမကဏ္ဍဖွံ့ဖြိုးရေး၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်မှ စတင်၍ မဲခေါင်–လန်ချန်းပူးပေါင်းမှုအစီအစဉ်တွင် ပါဝင်ခဲ့သည်။ ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များနှင့် ကိုက်ညီသော ဖွံ့ဖြိုးရေးစီမံကိန်း ၁၅ ခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး လက်ရှိတွင် စီမံကိန်း ကိုးခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကာ စီမံကိန်းခြောက်ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းကိုးခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယင်းတို့တွင် ကျေးရွာအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းများပါဝင်သော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းသုံးခု၊ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော ကျေးရွာသန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းနှစ်ခုနှင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး (Mini–Grid) စီမံကိန်း လေးခုတို့ ပါဝင်သည်။ ဆောင်ရွက်ပြီး စီမံကိန်းငါးခု၏ အသီးအပွင့်များကို ပြည်သူများ အကျိုးခံစားနေရပြီဖြစ်ပြီး ဆောင်ရွက်ဆဲ စီမံကိန်းလေးခုသည်လည်း မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။


> ○ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် စီမံကိန်းကိုးခုကို ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ယင်းတို့တွင် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများပါဝင်သော ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးစီမံကိန်းသုံးခု၊ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော ကျေးရွာသန့်ရှင်းသောသောက်သုံးရေရရှိရေး စီမံကိန်းနှစ်ခုနှင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး (Mini-Grid) စီမံကိန်း လေးခုတို့ ပါဝင်သည်။ ဆောင်ရွက်ပြီး စီမံကိန်းငါးခု၏ အသီးအပွင့်များကို ပြည်သူများ အကျိုးခံစားနေရပြီဖြစ်ပြီး ဆောင်ရွက်ဆဲ စီမံကိန်းလေးခုသည်လည်း မကြာမီပြီးစီးတော့မည်

ယခု အခမ်းအနားဆောင်ရွက်နေသော ညောင်ရွှေမြို့နယ် ကုန်းခြံကျေးရွာတွင် ကျေးရွာနေပြည်သူ ၅၄၀ ကြုံတွေ့ခံစားနေရသော သောက်သုံးရေပြဿနာကို ရေရှည်ဖြေရှင်းပေးနိုင်ရန်အတွက် ရေတားတမံတည်ဆောက်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေမီတာတပ်ဆင်ထားသော အိမ်သွယ်ရေတိုင်များ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ထားကြောင်း တွေ့ရှိရသည်။

စာမျက်နှာ ၉ သို့



ကျေးလက်ရေရရှိရေးစီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms.Ma Jia မိန့်ခွန်းပြောကြားစဉ်။



မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် ရေသန့်စင်စနစ်ပါဝင်သော ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

ရေပေးရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်စေရန်အတွက် ကျေးရွာရေကော်မတီများ ဖွဲ့စည်းခြင်း၊ လည်ပတ်ထိန်းသိမ်းရေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ရေဖိုးရေခကောက်ခံခြင်းတို့ကို စနစ်တကျစီစဉ်ထားကြောင်းလည်း သိရှိလေ့လာခဲ့ရသည်။ ထို့ပြင် ကျေးလက်ဦးစီးဌာနဝန်ထမ်းများကလည်း ထိုင်းနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်၍ ကျေးရွာရေရရှိရေးစနစ်များကို လေ့လာခဲ့သလို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ ဖလှယ်ခဲ့ကြောင်း သိရှိရ၍ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု ခိုင်မာအားကောင်းနေသည်ကို ဝမ်းမြောက်စွာ သိရှိရသည်။

## နိုင်ငံတော်ကြီး ဘက်စုံဖွံ့ဖြိုးရေးဆောင်ရွက်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia နှင့် ရှမ်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့ ရောက်ရှိလာချိန်တွင် အခမ်းအနားတက်ရောက်လာသော ဒေသခံပြည်သူ ၄၅၀ ကျော်၏ လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ခွန်းဆက်သံများကမိုးယံသို့ ပျံ့လွင့်သွားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက "မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကျရာအခန်းကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသလို နိုင်ငံတော်အစိုးရ၏ "ရှေ့သို့ချီမည့် ပန်းတိုင်ဆီ"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူလူထုအကျိုးရှိမည့် စီမံကိန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် လက်တွဲညီညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားခဲ့ရာ ဒေသခံတိုင်းရင်းသားများ၏ မျက်နှာထက်ဝယ် နိုင်ငံတော်အစိုးရ၏ စေတနာနှင့် လက်တွေ့ဆောင်ရွက်ချက်များအပေါ် ကျေနပ်အားရဝမ်းမြောက်သည့် အမူအရာများကို တွေ့မြင်ခဲ့ရသည်။

## တရုတ်နိုင်ငံမှ ဆက်လက်ကူညီမည်

ဆက်လက်ပြီး သံအမတ်ကြီး H.E. Ms. Ma Jia ကလည်း "သေးသော်လည်း လှနေဆဲ" ဟူသည့် စကားအတိုင်း ကျေးလက်ဦးစီးဌာနက ယခုဆောင်ရွက်ခဲ့သော စီမံကိန်းသည် အခြေခံပြည်သူများ၏ လူနေမှုဘဝကို လက်တွေ့ကျကျ မြှင့်တင်ပေးနိုင်ခဲ့ပြီး တရုတ်-မြန်မာ အသိုက်အဝန်း၏ အေးအတူပူအမျှ မျှဝေခံစားလိုသည့် စိတ်ဓာတ်ကို ထင်ရှားပေါ်လွင်စေခဲ့ကြောင်း၊ တရုတ် - မြန်မာ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုဖြင့် မြန်မာနိုင်ငံကို ငွေကြေး၊ နည်းပညာများ ဆက်လက်ကူညီပံ့ပိုးပေးပြီး မြန်မာနိုင်ငံ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်ကို အားတက်ဖွယ်ကြားသိခဲ့ရသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအရ ရှည်လျားပြီး နက်ရှိုင်းသောဆက်ဆံရေးရှိမှု၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြန်မာနိုင်ငံအပေါ်ထားရှိသော စေတနာ၊ အပြုသဘောဆောင်သော သဘောထားရပ်တည်မှုနှင့် အားပေးကူညီမှုများသည် သံအမတ်ကြီး၏ မိန့်ခွန်းတွင် ထင်ရှားပေါ်လွင်လျက်ရှိသည်။

## အကျိုးဖြစ်ထွန်းမှု

ယခု ဆောင်ရွက်ပေးခဲ့သော "**တောင်ပေါ်ဒေသ ရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ် ပါဝင်သော စိမ့်စမ်းရေသွယ်တန်းခြင်းစီမံကိန်း**" ကြောင့် စီမံကိန်းကျေးရွာ သုံးရွာမှ အိမ်ထောင်စု ၃၆၉ စု၊ လူဦးရေ ၁၆၂၇ ဦးတို့သည် သန့်ရှင်း၍ ဘေးကင်းသော သောက်သုံးရေကို ရာသီမရွေး အချိန်ပြည့်ရရှိနိုင်ပြီဖြစ်ကာ ရေကြောင့်ဖြစ်ပွားသော ရောဂါများ အန္တရာယ်ကို လျှော့နိုင်ခဲ့ကာ လူနေမှုအဆင့်အတန်းကို မြင့်မားစေခဲ့မည်ဖြစ်သည်။ ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်မည်ဖြစ်သည်။

ကျေးရွာနေ တိုင်းရင်းသူတစ်ဦးက "**အရင်က ကျွန်မတို့ရွာလေးဟာ ရေရှားပါးမှုဒဏ်ကို အတော်လေး ခံစားခဲ့ရပါတယ်။ အိမ်တွေ၊ စာသင်ကျောင်းတွေအတွက် လိုအပ်တဲ့ သောက်ရေ၊ သုံးရေကို ရွာနဲ့နှစ်မိုင်ကျော်ခန့်ဝေးတဲ့ ချောင်းမှာ ကျေးရွာလူကြီးတွေရော ကလေးမိဘတွေပါ သွားရောက်ခပ်ယူရပါတယ်။ အချိန်ကုန် လူပင်ပန်း ဖြစ်ရပါတယ်။ အခုလို ကျေးလက်ဦးစီးဌာနက သန့်စင်ပြီးသားရေကို အိမ်တိုင်ရာရောက်ရရှိအောင် ဆောင်ရွက်ပေးတဲ့အတွက် သုံးစွဲရတာလွယ်ကူပြီး ပေါပေါများများ သုံးစွဲနိုင်ပြီဖြစ်ပါတယ်။ ရေသန့်ဝယ်ယူသောက်သုံးနေရတဲ့ အခြေအနေကနေ ရေသန့်နဲ့ရေချိုးနိုင်တဲ့အထိပါ ရောက်ရှိလာလို့ ကျေးရွာလူထုရဲ့ ကျန်းမာရေးတွေလည်း ကောင်းမွန်လာမှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်မတို့ရွာလေးမှာ စိုက်ဧက ၅၀၀ ကျော်ရှိပြီး မိုးရာသီမှာသာ စိုက်ပျိုးနိုင်ပါတယ်။ အခုဆိုရင်တော့ ရေလုံလောက်စွာ ရလာပြီဖြစ်လို့ စိုက်ဧက ၄၀၀ ကျော်ဟာ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး စိုက်ပျိုးနိုင်တော့မှာ ဖြစ်ပါတယ်**" လို့ ပြောကြားခဲ့တာကို ကြားသိခဲ့ရပါသည်။ မြို့ကြီးပြကြီးတွေမှာသာ ရရှိနိုင်သည့် ရေပေးဝေရေးဝန်ဆောင်မှုမျိုးကို ယခုလို တောင်ပေါ်ဒေသ ကျေးရွာလေးများတွင်ပါ ရရှိလာသဖြင့် ဒေသခံများ၏အိပ်မက် တကယ်ဖြစ်လာပြီဟု ပြောလျှင်မမှားပါ။

အခမ်းအနားပြီးမြောက်ပြီး ဓာတ်ပုံပြခန်းနေရာကို ရောက်ရှိချိန်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က တရုတ်သံအမတ်ကြီးနှင့် ဧည့်သည်တော်များအား ၎င်းတို့ဦးစီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းပေါင်း ၄၄၂၁၀၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ၁၆၂၇၂ ရွာ၊ ကုန်ထုတ်လမ်း ၄၀၁၂ မိုင်၊ တံတား ၆၁၇၃ စင်း၊ မြစိမ်းရောင်စီမံကိန်း ၁၅၁၇၆ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း ၁၅၇ ရွာ၊ ခေတ်မီစံပြကျေးရွာစီမံကိန်း ၁၂၈ ရွာ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ၁၉၄၁၇ ရွာ၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၅၉၆၆ ကြိမ်တို့ကို နိုင်ငံအနှံ့ ဆောင်ရွက်ပေးခဲ့ကြောင်း ဓာတ်ပုံမှတ်တမ်းဝေဝေဆာဆာဖြင့် ရှင်းပြနေသည်ကို တွေ့မြင်ခဲ့ရပြန်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးကို အပြောမဟုတ်၊ အလုပ်နှင့် သက်သေပြပြီး အားမာန်အပြည့်ဖြင့် ဖွဲ့ထက်သန်စွာ ဆောင်ရွက်ပေးနေကြောင်း မျက်မြင်တွေ့ရှိ ခံစားခဲ့ရသည်။

## မြစ်တစ်စင်း၏ မိသားစု

မိုင်ပေါင်း ၂၇၀၀ ကျော် ရှည်လျားသော ကမ္ဘာ့ ၁၂ ခုမြောက် အရှည်ဆုံးမြစ်ဖြစ်သည့် မဲခေါင်မြစ်ကို အခြေခံ၍ တည်ဆောက်ထားသော မဲခေါင်မိသားစု၊ တစ်နည်းဆိုသော် **"ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစ်တစ်စင်း၏ မိသားစု"** (A River's Family for Regional Development) သည် နက်နဲလှသော တစ်ဦးအပေါ်တစ်ဦး နားလည်မှု၊ သဘောထားကြီးမှု၊ တန်းတူရည်တူရှိမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုများဖြင့် တည်ဆောက်ထားပြီး ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော မဏ္ဍိုင်တစ်ရပ်ဖြစ်သည်။

အဖွဲ့ဝင်ခြောက်နိုင်ငံအနေဖြင့် **"မြေထိုးစက်စိတ်ဓာတ်"** (Bulldozer Spirit) ဖြင့် ဒေသအတွင်း ကြုံတွေ့နေရသော ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးဆိုင်ရာ အခက်အခဲမှန်သမျှကို စုပေါင်းအင်အား ပြင်းထန်သော အရှိန်အဟုန်များဖြင့် တွန်းတိုက်ဖယ်ရှားလျက်ရှိသည်။ သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် ပူးတွဲလုပ်ငန်းအဖွဲ့များ၊ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ ဖွဲ့စည်းပြီး ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသည်။

မဲခေါင်မြစ်အထက်ပိုင်းတွင် တည်ရှိသော မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ဤပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာနိုင်၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလာရေး၊ ယဉ်ကျေးမှု၊ လျှပ်စစ်စွမ်းအင်၊ သတင်းမီဒီယာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရေအရင်းအမြစ်စီမံခန့်ခွဲရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကဏ္ဍများတွင် အကျိုးကျေးဇူးများ ရရှိလျက်ရှိသည်။

သို့သော် လုပ်ငန်းဆောင်ရွက်မှုတိုင်းတွင် စိန်ခေါ်မှုများလည်း ရှိနေမည်ဖြစ်၍ ယင်းစိန်ခေါ်မှုများကို ကျော်လွှားရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အာမခံရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်အားစိုက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် စတင်ထူထောင်ခဲ့သော မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ထာဝရအခွန့်ရှည်တည်တံ့စေရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ခိုင်မာအားကောင်းစေရေး သက်ဆိုင်သူအားလုံးမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



# ရှာငံမြို့နယ် ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အောင်မြင်

**ရှာငံ မတ် ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၁၁၄ ဦးကို သတ္တမကြိမ်မြောက် ရန်ပုံငွေကျပ် ၅၀၅ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်လျက်ရှိသည်။

အဆိုပါကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသိန်းမြတ်ထိုက်နှင့် တာဝန်ရှိသူများသည် မတ် ၁၇ ရက်က ကြည့်ရှုစစ်ဆေးပြီး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**မောင်ခိုင်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုများ ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေ၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းများရှိ စာစစ်ဌာနသို့ သွားရောက်၍ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ကြည့်ရှုအားပေးစဉ် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲသည် KG+12 စနစ်သစ်ပညာရေးစနစ်၏ အခြေခံပညာအထက်တန်းအဆင့် နောက်ဆုံးအရည်အချင်းစစ်စာမေးပွဲဖြစ်ပါကြောင်း၊ မျိုးဆက်သစ် နိုင်ငံသားကောင်းသမီးမွန်များအားလုံး ကျော်ဖြတ်ရသည့် အရေးကြီးသည့် တက္ကသိုလ်ဝင်စာမေးပွဲဖြစ်၍ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျရာအခန်းကဏ္ဍက ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရမည်ဖြစ်ပါကြောင်း၊ ဝိုင်းဝန်းပါဝင်ကူညီဆောင်ရွက်ကြသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ပါကြောင်း၊ ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းမြေ့စွာဖြေဆိုနိုင်ရေးအတွက် အလေးထားဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ စာမေးပွဲကျင်းပစဉ်အတွင်း အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက အမြန်ဆုံးသတင်းပို့၍ ချက်ချင်းလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများအား မှာကြားသည်။





အလားတူ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများသည် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သက်ဆိုင်ရာစာစစ်ဌာနများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော်အနုပညာရှင်များက အငြိမ့်သဘင်၊ တေးဂီတများဖြင့် ဖျော်ဖြေမည်

မင်းဘူး မတ် ၁၈

**မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာ ဘုရားပွဲတော်ကြီးတွင် နိုင်ငံကျော် အနုပညာရှင်များက အငြိမ့်သဘင်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။**

ထိုသို့ ဖျော်ဖြေတင်ဆက်ရာတွင် "မင်းထွေး" ဇာတ်ပွဲသဘင်အဖွဲ့မှ အငြိမ့်ဇာတ်မင်းသား မင်းသမီးများ၊ နိုင်ငံကျော်ဟာသ(လူရွှင်တော်)အနုပညာရှင်များဖြစ်ကြသော စိန်ခဲ၊ ကံပွင့်၊ အောင်ဟိန်း၊ လန်းလန်းတို့နှင့်အတူ ရွှေခိုင်ဇော်မင်္ဂလာဆိုင်းတို့ တွဲဖက်၍ မန်းရွှေစက်တော်ဘုရားပွဲတော် အထူးတံတားမုခ်ဦးအနီးရှိ စတိတ်စင်တွင် နှစ်ညတိုင်တိုင် အခမဲ့ ဧည့်ခံဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

မန်းရွှေစက်တော်ဘုရားကြီးသည် မြန်မာနိုင်ငံအတွင်း ရက်အရှည်ကြာဆုံးသော ဘုရားပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း၊ ယခုနှစ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို ဖေဖော်ဝါရီ ၂ ရက်မှ ဧပြီ ၁၇ ရက်အထိ မဟာသင်္ကြန် ရုံးပိတ်ရက်အပါအဝင် (တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ) ရက်ပေါင်း ၇၅ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။



မန်းရွှေစက်တော်ဘုရားပွဲတွင် တည်ဆောက်ထားသည့် တည်းခိုဆောင်များ။



မန်းရွှေစက်တော် အောက်စက်တော်ရာအနီး မန်းချောင်းအတွင်း ရေကစားကြသူများကို မြင်တွေ့ရစဉ်။

မန်းရွှေစက်တော်ဘုရားကြီးတွင် မြန်မာတို့၏ အထွတ်အမြတ်ထားရာ တပေါင်းလပြည့် အခါသမယ အစိုးရရုံးပိတ်ရက် ငါးရက်အပါအဝင် ဘုရားပွဲတော်စတင်ကျင်းပသည့်နေ့မှစ၍ မတ် ၁၈ ရက်အထိ ဘုရားဖူးရဟန်းရှင်လူ ခရီးသွားပြည်သူပေါင်း ၁၅၃၆၃ ဦးနှင့် မော်တော်ယာဉ်အစီးရေပေါင်း ၃၁၀၀ ကျော် လာရောက်ခဲ့ကြောင်း၊ မန်းရွှေစက်တော်ပွဲတော်ကျင်းပစဉ်ကာလတစ်လျှောက် တပေါင်းလအပြင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးချိန် (နွေရာသီကျောင်းပိတ်ရက်)နှင့် မဟာသင်္ကြန် ရုံးပိတ်ရက်ကာလများတွင် နှစ်စဉ်နှစ်တိုင်း အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# သမဝါယမ စာရင်းရေး စာရင်းကိုင်သက်မွေးကျောင်း(မော်လမြိုင်)၌ စာရင်းကိုင်၊ စာရင်းစစ် အခြေခံသင်တန်းများဖွင့်လှစ်

**မော်လမြိုင် မတ် ၁၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း၌ အခြေခံစာရင်းကိုင်နှင့် စာရင်းစစ်သင်တန်း(အမှုထမ်း)ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ သင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ပြည်နယ်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ သင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ပြီး ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းသို့ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ သမဝါယမဦးစီးဌာနအဆင့်ဆင့်မှ တာဝန်ထမ်းဆောင်နေသော အမှုထမ်းဝန်ထမ်းများ တက်ရောက်လျက်ရှိပြီး လုပ်ငန်းခွင်၌ စွမ်းရည်ပြည့်ဝစွာ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းကာလမှာ မတ် ၁၇ ရက်မှ ၃၀ ရက်အထိ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပန်းပင် ရေလောင်းလျှင် ရေပိုက် မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့တွင် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦးရှိ

**နေပြည်တော်  မတ်  ၁၈**

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက စတင်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာန အပါအဝင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ဦး ရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦး ရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦး ၊ ပျက်ကွက် ၁၂၁၈၄ ဦး ရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၄၈ ရာခိုင်နှုန်း ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- အင်္ဂလိပ်စာ

နေ့စွဲ - ၁၈-၃-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိဦးရေ | | | ဖြေဆိုဦးရေ | | | ပျက်ကွက်ဦးရေ | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၈၉၅ | ၆၀၇၈ | ၉၉၇၃ | ၃၃၃၆ | ၅၃၆၂ | ၈၆၉၈ | ၅၅၉ | ၇၁၆ | ၁၂၇၅ | ၈၇.၂၂% | ၁၂.၇၈% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၄၄ | ၉၇ | ၁၄၁ | ၄၂ | ၉၀ | ၁၃၂ | ၂ | ၇ | ၉ | ၉၃.၆၂% | ၆.၃၈% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၁၇၆ | ၂၃၆၈ | ၃၅၄၄ | ၁၀၇၆ | ၂၂၇၁ | ၃၃၄၇ | ၁၀၀ | ၉၇ | ၁၉၇ | ၉၄.၄၄% | ၅.၅၆% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၂၀၈ | ၃၄၈ | ၅၅၆ | ၁၄၈ | ၂၆၀ | ၄၀၈ | ၆၀ | ၈၈ | ၁၄၈ | ၇၃.၃၈% | ၂၆.၆၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၃၅ | ၄၁၃၁ | ၆၁၇၄ | ၁၀၃၀၅ | ၃၈၄၄ | ၆၀၂၁ | ၉၈၆၅ | ၂၈၇ | ၁၅၃ | ၄၄၀ | ၉၅.၇၃% | ၄.၂၇% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၆ | ၁၇၂၈ | ၃၀၂၉ | ၄၇၅၇ | ၁၆၂၁ | ၂၉၂၀ | ၄၅၄၁ | ၁၀၇ | ၁၀၉ | ၂၁၆ | ၉၅.၄၆% | ၄.၅၄% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၇ | ၅၁၉၅ | ၇၇၉၀ | ၁၂၉၈၅ | ၄၈၆၃ | ၇၅၂၇ | ၁၂၃၉၀ | ၃၃၂ | ၂၆၃ | ၅၉၅ | ၉၅.၄၂% | ၄.၅၈% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၄၄၀၂ | ၅၇၇၀ | ၁၀၁၇၂ | ၄၁၀၃ | ၅၅၇၀ | ၉၆၇၃ | ၂၉၉ | ၂၀၀ | ၄၉၉ | ၉၅.၀၉% | ၄.၉၁% | |
| ၉ | မကွေး | ၇ | ၂၂ | ၄၉ | ၇၈၆၁ | ၁၀၇၃၉ | ၁၈၆၀၀ | ၇၃၉၄ | ၁၀၄၅၁ | ၁၇၈၄၅ | ၄၆၇ | ၂၈၈ | ၇၅၅ | ၉၅.၉၄% | ၄.၀၆% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၈၉ | ၁၅၄၇၃ | ၂၀၀၂၇ | ၃၅၅၀၀ | ၁၄၆၉၈ | ၁၉၅၉၀ | ၃၄၂၈၈ | ၇၇၅ | ၄၃၇ | ၁၂၁၂ | ၉၆.၅၉% | ၃.၄၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၃၁၆၆ | ၆၁၈၄ | ၉၃၅၀ | ၃၀၀၄ | ၅၉၆၈ | ၈၉၇၂ | ၁၆၂ | ၂၁၆ | ၃၇၈ | ၉၅.၉၆% | ၄.၀၄% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၈ | ၁၄၁၇ | ၁၈၄၇ | ၃၂၆၄ | ၇၄၀ | ၈၂၃ | ၁၅၆၃ | ၆၇၇ | ၁၀၂၄ | ၁၇၀၁ | ၄၇.၈၉% | ၅၂.၁၁% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၉၁ | ၁၇၇၇၈ | ၂၁၄၆၅ | ၃၉၂၆၃ | ၁၆၇၁၄ | ၂၀၆၇၂ | ၃၇၃၈၆ | ၁၀၈၄ | ၇၉၃ | ၁၈၇၇ | ၉၅.၂၂% | ၄.၇၈% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၆ | ၄၈၄၂ | ၇၉၃၆ | ၁၂၇၇၈ | ၄၆၄၂ | ၇၇၅၉ | ၁၂၄၀၁ | ၂၀၀ | ၁၇၇ | ၃၇၇ | ၉၇.၀၅% | ၂.၉၅% | |
| ၁၅ | ရှမ်း(မြောက်) | ၂ | ၃ | ၄ | ၂၇၃ | ၄၁၆ | ၆၈၉ | ၂၅၄ | ၄၀၄ | ၆၅၈ | ၁၉ | ၁၂ | ၃၁ | ၉၅.၅၀% | ၄.၅၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၆၇၈ | ၁၀၆၇ | ၁၇၄၅ | ၆၅၁ | ၁၀၄၄ | ၁၆၉၅ | ၂၇ | ၂၃ | ၅၀ | ၉၇.၁၃% | ၂.၈၇% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၅ | ၁၄၈၇၆ | ၁၉၃၉၉ | ၃၄၂၇၅ | ၁၃၆၅၆ | ၁၈၅၈၁ | ၃၂၂၃၇ | ၁၂၂၀ | ၈၁၈ | ၂၀၃၈ | ၉၄.၀၅% | ၅.၉၅% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၇၃၀ | ၇၁၉၆ | ၁၂၉၂၆ | ၅၄၇၃ | ၇၀၆၇ | ၁၂၅၄၀ | ၂၅၇ | ၁၂၉ | ၃၈၆ | ၉၇.၀၁% | ၂.၉၉% | |
| ၁၉ | နိုင်ငံခြား | | | ၁၃ | ၁၁ | ၉ | ၂၀ | ၁၁ | ၉ | ၂၀ | ၀ | ၀ | ၀ | ၁၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၄ | ၂၅၁ | ၈၁၇ | ၉၂၉၀၄ | ၁၂၇၉၃၉ | ၂၂၀၈၄၃ | ၈၆၂၇၀ | ၁၂၂၃၈၉ | ၂၀၈၆၅၉ | ၆၆၃၄ | ၅၅၅၀ | ၁၂၁၈၄ | ၉၄.၄၈% | ၅.၅၂% | |

### မိုင်းယောင်းမြို့၌ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆို

**မိုင်းယောင်း မတ် ၁၈**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက စတင်ဖြေဆိုလျက်ရှိရာ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



တက္ကသိုလ်ဝင် စာမေးပွဲ ဖြေဆိုသည့် ကာလအတွင်း လုံခြုံရေး ဆောင်ရွက်ပေးခြင်း ကျောင်းသား ကျောင်းသူများ အနှောင့်အယှက်မဖြစ်ပေါ်စေရန် နှင့် စာမေးပွဲဖြေဆိုပြီးသည့် ကျောင်းသား ကျောင်းသူများအား ရေသန့်ဘူးများ ပေးဝေခြင်းကို မိုင်းယောင်းမြို့နယ် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်လွင်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စိုးမိုးနှင့် ရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးသည်။

မိုင်းယောင်းမြို့တွင်တက္ကသိုလ်ဝင်စာမေးပွဲကို စာရင်းရှိ ကျောင်းတွင်းဖြေ ၄၉ ဦး၊ ကျောင်းပြင်ပဖြေ ခုနစ်ဦး စုစုပေါင်း ၅၆ဦး ရှိပြီး ယနေ့တွင် လာရောက်ဖြေဆိုသူ ၅၁ ဦးရှိရာ ၉၁ ဒသမ ၀၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပန်းတောင်းမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ(ဒုတိယနေ့) ဖြေဆိုနေမှု ကြည့်ရှုအားပေး

**ပန်းတောင်း မတ် ၁၈**

ပဲခူးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဒေါက်တာ ချစ်ကို၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး လင်းအောင်ပြည့်၊ ပြည်ခရိုင်ပညာရေးမှူး ဒေါ်စန်းစန်းဝင်း၊ပန်းတောင်းမြို့နယ်ပညာရေးမှူး ဦးတင်နိုင်ဦး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ယနေ့နံနက် ၉ နာရီတွင် ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း အသီးသီး၌ တက္ကသိုလ်ဝင်စာမေးပွဲ (ဒုတိယနေ့)အင်္ဂလိပ်စာဖြေဆိုနေမှုကို လိုက်လံကြည့်ရှု အားပေးကြကြောင်း သိရသည်။

ပန်းတောင်းမြို့နယ်အတွင်း စာစစ်ဌာန ခြောက်ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန်အတွက် ကျောင်းသား ကျောင်းသူ ၉၁၈ ဦး စာရင်းပေးသွင်းထားပြီး (ပထမနေ့) မြန်မာစာဘာသာရပ်ကို ကျောင်းသားကျောင်းသူ ၈၇၀ ဝင်ရောက်ဖြေဆိုကြရာ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၅ ရာခိုင်နှုန်းဖြစ်ပြီး၊ (ဒုတိယနေ့) အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသားကျောင်းသူ ၈၆၉ ဦး ဝင်ရောက်ဖြေဆိုကြရာ ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၄ ဒသမ ၆၆ ရာခိုင်နှုန်းဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



### တီးတိန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲဒုတိယနေ့ အေးချမ်းစွာဖြေဆို

**တီးတိန်  မတ်  ၁၈**

ချင်းပြည်နယ် တီးတိန်မြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တီးတိန်စာစစ်ဌာန၌ ဖြေဆိုကြသည်။



ထိုသို့တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းနှင့် တာဝန်ရှိသူများက သွားရောက်ပြီး ဖြေဆိုကြသော ကျောင်းသား ကျောင်းသူများအား အေးချမ်းစွာဖြေဆိုနိုင်ရေး ကြီးကြပ်ပေးကြသည်။

တီးတိန်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ယနေ့တွင် စာရင်းရှိ ၁၅၈ ဦးရှိပြီး ဖြေဆိုသူ ၁၄၈ဦးရှိရာ ၉၃ ဒသမ ၆၇ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**မိုးမိုး**

# ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၈**


၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၇ ရက်တွင် စတင်ကျင်းပရာ ယနေ့တွင် ဒုတိယနေ့အဖြစ် အင်္ဂလိပ်စာဘာသာရပ်ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်း မပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။ ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းအတွင်းနှင့် အပြင်များ၌ သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက် / ကျေးရွာအုပ်ချုပ်ရေး အဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှု ပေးလျက်ရှိသည်။

ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၃ ခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၀၄ ခု စာစစ်ဌာန စုစုပေါင်း ၈၁၇ ခု ဖွင့်လှစ် ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၂၀၈၄၃ ဦးရှိပြီး စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ်လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၀၈၆၅၉ ဦး ရှိကာ ဖြေဆိုသူရာခိုင်နှုန်း ၉၄ ဒသမ ၄၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ကျောင်းသား ကျောင်းသူများ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်မြို့နယ်အသီးသီးတို့တွင် ဖြေဆိုလျက်ရှိသည့် တက္ကသိုလ်ဝင် စာမေးပွဲများတွင် တာဝန်ကျ ပညာရေးဝန်ထမ်းများနှင့် ကျောင်းသားမိဘတို့ကို ယခုလို တွေ့ဆုံမေးမြန်းခဲ့ပါသည်-



၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ ဒုတိယနေ့ အင်္ဂလိပ်စာဘာသာရပ် ဖြေဆိုကြသူများကို တွေ့ရစဉ်။



ဒေါက်တာ ကျော်လွင်
ညွှန်ကြားရေးမှူး



အ.ထ.က(၇) နေပြည်တော်
စာစစ်ဌာန ကြီးကြပ်ရေးမှူး



ကျောင်းသူ မိခင်တစ်ဦး

**ဒေါက်တာ ကျော်လွင်**
**ညွှန်ကြားရေးမှူး နေပြည်တော် ပညာရေးမှူးရုံး**

"ကျွန်တော်တို့ ပြည်ထောင်စု နယ်မြေ နေပြည်တော် မြို့နယ် ရှစ်မြို့နယ်မှာ ခုတင် ၁၀၀၀ ဆေးရုံစာစစ်ဌာန အပါအဝင် စုစုပေါင်းစာစစ်ဌာန ၄၇ ခုနဲ့ စာမေးပွဲ ကျင်းပဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်အနေနဲ့စာစစ်ဌာန မြို့နယ်အလိုက်မှာတော့ စာစစ်ဌာန ငါးခုရှိတဲ့ မြို့နယ်တွေလည်း ရှိတယ်။ ခြောက်ခုရှိတဲ့ မြို့နယ်တွေလည်း ရှိတယ်။ လယ်ဝေး မြို့နယ်ကတော့ စာစစ်ဌာန ၁၀ ခုနဲ့ စာစစ်ဌာန အများဆုံးရှိတဲ့ နေရာဖြစ်ပါတယ်။

စာမေးပွဲ အောင်ချက်အနေနဲ့ ယခင်နှစ်တုန်းက ၅၆ ဒသမ ၇၉ ရာခိုင်နှုန်း အောင်မြင်ခဲ့ပါတယ်။ ဒီနှစ်အနေနဲ့ ဘာသာရပ် သုံးမျိုးဖြစ်ပါတယ်။ ဓာတု၊ ရူပ၊ ဇီဝ ဘာသာတွဲ၊ ဓာတု၊ ရူပ၊ ဘောဂ ဘာသာတွဲနဲ့ ပထဝီ၊ သမိုင်း၊ ဘောဂဆိုပြီး ဘာသာတွဲ သုံးတွဲ ဒီနှစ် ကျောင်းသား ကျောင်းသူတွေ ဝင်ရောက် ဖြေဆိုနေတာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ကတော့ ဒီတက္ကသိုလ်ဝင် စာမေးပွဲဆိုတာ ဘဝကို အပြောင်းအလဲဖြစ်စေမယ့် ဘဝကို အဆုံးအဖြတ်ပေးမယ့် စာမေးပွဲဖြစ်ပါတယ်။ ဒါကြောင့် အောင်မြင်စွာ၊ အေးချမ်းစွာနဲ့ မသမာမှု ကင်းရှင်းတဲ့ စာမေးပွဲဖြစ်ဖို့ရာအတွက် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ဦးစီးဌာန အသီးသီးနဲ့ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနဲ့ ဒေသဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တွေ၊ ရပ်/ကျေးအဖွဲ့ဝင်တွေ၊ ကြက်ခြေနီ၊ မီးသတ်၊ ကျန်းမာရေးဌာနစတဲ့ ဆက်စပ်ဌာနတွေ အားလုံး ပူးပေါင်းပြီးတော့ လုံခြုံရေး၊ ကျန်းမာရေးကအစ အားလုံး အဆင်ပြေအောင် အစစအရာရာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာကိုအေးအေးချမ်းချမ်းနဲ့ ကြိုးစားပြီးတော့ ဖြေကြဖို့ ပြောကြားလိုပါတယ်။ ကျောင်းနေအရွယ်မှာ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူပြီး နောင်တစ်ချိန်မှာ တိုင်းပြည်က အားထားရတဲ့ နိုင်ငံ့သားကောင်း သမီးမွန်တွေဖြစ်အောင် ကြိုးစားကြဖို့ ပြောကြားလိုပါတယ်။ ကျန်းမာရေးအတွက်လည်း ကျွန်တော်တို့ စာစစ်ဌာနတိုင်းမှာ MEDICAL COVER အနေနဲ့ ကျန်းမာရေး စောင့်ရှောက်မှုစင်တာတွေ ရှိပါတယ်။ ကျန်းမာရေးစောင့်ရှောက်ခန်းဆိုပြီးတော့ သီးခြားဆေးခန်းတွေ ဖွင့်ထားပါတယ်။ သက်ဆိုင်ရာ မြို့နယ်အလိုက်/ တိုက်နယ်အလိုက်လည်း အရေးပေါ် လူနာတွေ ပေါ်ပေါက်လာရင် ဖြေဆိုနိုင်အောင်လည်း ဆေးရုံတွေမှာ စာဖြေခန်းတွေ အရန်သင့် စီစဉ်ဆောင်ရွက်ထားပါတယ်။ ရပ်ဝေးက ရောက်ရှိလာတဲ့ မကျန်းမာတဲ့ တက္ကသိုလ်ဝင် စာမေးပွဲ လူနာတွေ ရောဂါ ပြင်းထန်နေတဲ့ လူနာတွေအတွက် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှာ စာစစ်ဌာနတစ်ခု သီးခြားဖွင့်ပြီး ဆောင်ရွက်နေပါတယ်။ ဒီနေ့မှာဆိုရင် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှာ ကျောင်းသား ကျောင်းသူ စာဖြေသူ နှစ်ဦး ဖြေဆိုလျက်ရှိပါတယ်။ စိတ်အေးချမ်းသာစွာနဲ့ ကောင်းကောင်းမွန်မွန် ကိုယ်တိုင်ရေးပြီး ဖြေဆိုနိုင်ပါတယ်။ တချို့လူနာတွေဆိုရင် ကိုယ်တိုင် မရေးနိုင်တာတွေ ရှိပါတယ်။ သို့သော် ဆေးရုံမှာရှိတဲ့ ကျောင်းသား နှစ်ဦးဟာဆိုရင် ကျန်းမာရေး ကောင်းမွန်တဲ့သူတွေ ဖြစ်တဲ့အတွက်ကြောင့် ကိုယ်တိုင်ရေးပြီးတော့ ဖြေဆိုနေကြကြောင်း ပြောကြားလိုပါတယ်။ မသန်စွမ်း ဖြေဆိုသူအနေနဲ့ နှစ်ဦးရှိပါတယ်။ တစ်ဦးက နားမကြားရတဲ့ ကျောင်းသားပါ။ တစ်ဦးကတော့ ခြေထောက် မကောင်းတာပါ။ ကျန်းမာရေး မကောင်းတဲ့ ကျောင်းသား ကျောင်းသူ နှစ်ဦးရှိပါတယ်။

စာမေးပွဲ စည်းကမ်းအရ နာရီဝက် နောက်ကျရင် ဖြေဆိုခွင့် မရှိဘူးဆိုတာရှိပေမယ့် ကျွန်တော်တို့ ဒီနှစ်အနေနဲ့ ဖြေလျှော့ပြီး အချိန်ကို ပိုမိုသတ်မှတ်ပြီး တစ် နာရီခွဲ နောက်ကျတဲ့အထိ လက်ခံဖို့ရာအတွက် ကျွန်တော်တို့ ဝန်ကြီးဌာန၊ ဦးစီးဌာနက ညွှန်ကြားထားတဲ့အတွက်ကြောင့် ရောက်ရှိလာတဲ့သူကို စာမေးပွဲဖြေဆိုနိုင်ရေးအတွက် အစစအရာရာ စီစဉ် ဆောင်ရွက်ထားပါတယ်။ နေပြည်တော်ကောင်စီ နယ်မြေအနေနဲ့ ယာဉ်ထိန်း၊ မီးသတ် စသည့်ဖြင့်ကျောင်းသားကျောင်းသူတွေ လမ်းမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲဖြစ်နေမယ်၊ ဥပမာ ဆိုင်ကယ်ပျက်နေမယ်၊ ကားပျက်မယ်ဆိုရင်တောင်မှ တွေ့တဲ့သူကို အကူအညီတောင်းလို့ ရပါတယ်။ စာမေးပွဲဖြေသွားမလို့ ကူညီပေးပါဆိုရင် ကူညီပေးဖို့ရာအတွက် နေပြည်တော် ကောင်စီအနေနဲ့ လမ်းညွှန်ပြီး ဌာနဆိုင်ရာတွေကို ညွှန်ကြားထားပါတယ်။ သက်ဆိုင်ရာ ဆက်စပ်ဌာနတွေကိုလည်း ကူညီပေးကြဖို့ရာအတွက် နောက်ကျရင်တောင်မှ အကူအညီတောင်းရင် လိုက်ပို့မယ့် သူတွေရှိပါတယ်။ အဲဒီလောက်အထိ စီစဉ်ထားပါတယ်"ဟု ဖြေကြားသည်။

အ.ထ.က(၇) နေပြည်တော် စာစစ်ဌာန ကြီးကြပ်ရေးမှူးကလည်း "ကျွန်တော်တို့ ကျောင်း စာစစ်ဌာနမှာ စုစုပေါင်း ကျောင်းသား ၃၅၉ ဦးရှိပြီးတော့ ၃၃၇ ဦးလာရောက်ဖြေဆိုပါတယ်။ ၂၂ ဦး ပျက်ကွက်ပါတယ်။ ဖြေဆိုသူ ၉၇ ဒသမ ၈၇ ရာခိုင်နှုန်း ရှိပါတယ်။ ပျက်ကွက်က ၆ ဒသမ ၁၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနှစ် ကျောင်းသား ကျောင်းသူတွေ အတွက် စိန်ခေါ်မှုက အများကြီး မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ စနစ်သစ်ကို ၂၀၂၄ ခုနှစ်မှာစတင် ဖြေခဲ့တာဖြစ်လို့ ၂၀၂၄ ခုနှစ် ကလေးတွေ အတွက်တော့ စိန်ခေါ်မှု ဖြစ်ခဲ့တာပေ့ါ။ ဒီနှစ် ကလေးတွေက ဒုတိယနှစ်ဖြစ်တဲ့အတွက် အတွေ့အကြုံရှိပြီးဖြစ်လို့ အခက်အခဲမရှိနိုင်ပါဘူး။ စနစ်သစ် ပညာရေးက သူများနိုင်ငံတွေနဲ့ ယှဉ်နိုင်အောင် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကို အကောင်းဆုံး အဆင့်မီ ပြင်ထားတာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ် ကတည်းက Grade-12 ကို ပြောင်းလဲတာ ဖြစ်တယ်။ ကျွန်တော့်ကျောင်းက ၂၀၂၄ ခုနှစ်မှာ ၆၀ ဒသမ ၈၉ ရာခိုင်နှုန်း အောင်ခဲ့တာဆိုတော့ အားရမှုရှိပါတယ်။ အောင်ချက်လည်း အများကြီးတက်ခဲ့ပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဘာပဲဖြစ်ဖြစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုဖို့၊ ဖွဲ့မလျှော့ဖို့၊ အခွင့်အခါကောင်းရင် ကိုယ့်အတွက်လည်း အခွင့်အရေးတွေ အများကြီးရရှိမှာ ဖြစ်တဲ့အတွက် အားလုံး လာရောက်ပြီး ဝင်ရောက်ဖြေဆိုကြပါလို့ တိုက်တွန်းချင်ပါတယ်" ဟု ဖြေကြားသည်။

ကျောင်းသူ မိခင်တစ်ဦးကလည်း "ကျောင်းသားကတော့ စာကျက်မှ ရမယ်။ နေ့စဉ်ပုံမှန် စာကျက်မှ ဖြစ်မယ်။ မိဘတွေအနေနဲ့က စာကျက်ဖို့ တိုက်တွန်းပေးမယ့်လည်း သူတို့ ကိုယ်တိုင် ကျက်မှရမှာ၊ ကိုယ်ကျက်မှ ကိုယ်ရမယ်။ ဆရာ ဆရာမတွေအနေနဲ့ကတော့ သင်ပေးမယ်။ အကုန်လုံးကိုတော့ ချောချောမောမော ဖြေဆိုအောင်မြင်စေချင်တယ်။ ပြီးတော့ သူကျက်ထားတဲ့ စာတွေနဲ့လည်း တိုးစေချင်တယ်။ ကိုယ့်သမီး တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ကျောင်းသား ကျောင်းသူတိုင်းကို အောင်စေချင်ပါတယ်" ဟု သူ့အမြင်ကို ပြောကြားသည်။

**သတင်းစဉ်**

## ကွန်ဟိန်းမြို့နယ် စာစစ်ဌာန၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (ဒုတိယနေ့)ဆက်လက်ဖြေဆို



**ကွန်ဟိန်း မတ် ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲကို ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာန၌ ယနေ့ နံနက် ၉ နာရီက အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းတည်ငြိမ်စွာ ဖြေဆိုကြသည်။

ကွန်ဟိန်းမြို့နယ်တွင် စာစစ်ဌာန တစ်ခုသာရှိပြီး ဖြေဆိုရန် စာရင်းပေးသွင်းထားသော ကျောင်းသား ရှစ်ဦး၊ ကျောင်းသူ ၃၁ ဦး စုစုပေါင်း ၃၉ ဦးရှိသည့်အနက် အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ရှစ်ဦး၊ ကျောင်းသူ ၃၀ ပေါင်း ၃၈ ဦး ဝင်ရောက်ဖြေဆိုကြရာ ကျောင်းသူ တစ်ဦး ပျက်ကွက်သဖြင့် ဖြေဆိုမှု ၉၇ ဒသမ ၄၄ ရာခိုင်နှုန်းရှိသည်။

ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ခန့်မော်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်နှင့် တာဝန်ရှိသူများက စာစစ်ဌာန အနီးဝန်းကျင်၌ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် မတ် ၁၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေး၊ မင်းလက်ပံနှင့် KK Park နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်၍ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦး စုစုပေါင်း ၁၈၉ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်က ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr.Md.Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံသား ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဌာန ညွှန်ကြားရေးမှူး Mr.Judha Nugraha နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ First Secretary Naoto Watanabe နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့ KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၈၀ နှင့် အီသီယိုးပီးယားနိုင်ငံသား ၆၂ ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၇၁၀၇ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၄၁၉၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

အဆိုပါထိန်းသိမ်းခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၀၇ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန်ဒါ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်းနှင့် တရုတ်(တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး အများစုမှာ တရုတ်နိုင်ငံသားများ ဖြစ်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အင်းလျားကန်ပေါင်ပေါ် လူငယ် ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဝါဒဖြန့်ဝေလျက်ရှိ




**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာအေးဘုရားလမ်းမပေါ်ရှိ အင်းလျားကန်ပေါင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူငယ် ၂၀ ခန့်ကို အကြောင်းမဲ့ ဖမ်းဆီးစစ်ဆေးခဲ့ပြီး ခြောက်ဦးခန့်ကိုဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာနယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်း ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှု မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးခြင်း၊ စစ်ဆေးခြင်းမရှိကြောင်း၊ အကြမ်းဖက်သမား များကသာ အသက်အရွယ်မရွေး ဖမ်းဆီးခေါ်ဆောင်ပြီး အတင်းအဓမ္မလူသစ်စုဆောင်းလျက်ရှိကြောင်း၊ ပြည်သူလူထုမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "@yadanar4581" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျောင်းစုရပ်ကွက်နေ ရတနာလှိုင်အား မွန်းတည့် ၁၂ နာရီတွင် သာယာဝတီမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## "ဗုံတီးမယ်"တေးသီချင်းဗီဒီယိုအား ဖန်တီးထုတ်လွှင့်သူနှင့် စီစဉ်သူများကို စိစစ်အရေးယူရန် ဆောင်ရွက်လျက်ရှိ

ပြန်ကြားရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ဂ) ပြဋ္ဌာန်းချက်ပါ အမိန့်ထုတ်ပြန်ခွင့်ကို ကျင့်သုံး၍ ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်သည့်အမိန့်ကို ထုတ်ပြန်ခဲ့ပြီး လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်များအား စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားသူသည် အမိန့်အမှတ်(၃၂/၂၀၂၄)အရ မိမိတို့လွှင့်တင်မည့် Content များအား စိစစ်ရေးအဖွဲ့ထံသို့ တင်ပြ၍ စိစစ်မှုခံယူရမည်ဖြစ်ပါသည်။

သို့ရာတွင် တေးရေး/တေးဆို "အောင်ပါစေ" သည် ဆက်သွယ်ရေးကွန်ရက်ကိုအသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ်ရယူခြင်းမရှိဘဲ ၎င်း၏လူမှုကွန်ရက်အမျိုးမျိုးတွင် တေးသီချင်းဗီဒီယိုများ ထုတ်လွှင့်ပြသလျက်ရှိကြောင်းနှင့် အဆိုပါ တေးသီချင်းဗီဒီယိုများအနက် "ဗုံတီးမယ်" တေးသီချင်းဗီဒီယိုသည်မြန်မာလူမျိုးတို့၏အမြတ်တနိုး တန်ဖိုးထားဂုဏ်ယူရသော မြန်မာ့တူရိယာဗုံနှင့် ပတ်မများကို ပြက်ရယ်ပြု စော်ကားသဖွယ်ဖြစ်နေသော သရုပ်ပျက်ကပြဖျော်ဖြေခြင်းနှင့်ညစ်ညမ်းသည့် အဓိပ္ပာယ်ပေါက်စေနိုင်သော အဓိပ္ပာယ်နှစ်ခွသီချင်းစာသားများဖြင့် ဖန်တီးထားကြောင်း စိစစ်တွေ့ရှိရပါသည်။

သို့ပါ၍ "ဗုံတီးမယ်" တေးသီချင်းဗီဒီယိုနှင့်ပတ်သက်၍ ဖန်တီးထုတ်လွှင့်သူ၊ စီစဉ်သူ၊ ပါဝင်သူများကို အမှုဖွင့်အရေးယူနိုင်ရေး စိစစ်လျက်ရှိကြောင်းနှင့် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ရုပ်ရှင်ကားထုတ်လွှင့်ပြသခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် ရယူထားခြင်းမရှိသူများအနေဖြင့် လုပ်ကိုင်ခွင့်မှတ်ပုံတင်လက်မှတ် လျှောက်ထားရယူပြီး မိမိတို့လွှင့်တင်မည့် Content များကို စိစစ်ရေးအဖွဲ့ထံ တင်ပြရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

○ *ကျောဖုံးမှ*

သန်းလွင်ထံမှ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရန်ကုန်မြို့တွင် တစ်ဆင့်ပြန်လည်ရောင်းချသူ ဟိန်းစည်သူ(ခ) ဇော်ဇော်အောင် (ခ) အောင်ကိုကို (ခ) ထင်လင်းပြည့်ကို သာကေတမြို့နယ် ရှုခင်းသာလမ်းတွင် လည်းကောင်း၊ စိတ်ပြောင်းဆေးဝါးများ တစ်ဆင့်ပြန်လည်ရောင်းချရန် ချိတ်ဆက်ပေးသူ တင်လှ(ခ) စသစ်ကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၁၀၄) ရပ်ကွက်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ မတ် ၆ ရက် ည ၉ နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက် သုခမ္မာလမ်းမကြီးတွင် ကျော်ကျော်သိန်း(ခ)ကျော်ကျော် (ခ)အသေးလေး မောင်းနှင်လာသည့် HYUNDAI BOX ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၂၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ စိတ်ပြောင်းဆေးဝါးများကို မလေးရှား ပင်လယ်ရေပြင်သို့ ချိတ်ဆက်ပို့ဆောင်ရောင်းချရန် စီမံခန့်ခွဲသူမှာ AA စီးပွားရေးတာဝန်ခံ ရဲဝင်း(ခ)ကျော်စိုးလင်းနှင့် ၎င်း၏ဇနီးဖြစ်သူ ရွှေကောင်းသာ စက်လှေပိုင်ရှင် မသီတာမြင့်တို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် မူးယစ်ဆေးဝါးများ လက်ခံ၍ ရွှေကောင်းသာ စက်လှေဖြင့် မလေးရှား ပင်လယ်ပြင်သို့ တာဝန်ခံပို့ဆောင်သူ မင်းမင်းစိုးကို ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့တွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းသည် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် မူးယစ်ဆေးဝါးများကို မလေးရှားပင်လယ်ပြင်သို့ ရွှေကောင်းသာ စက်လှေဖြင့် တင်ပို့ခဲ့ကြောင်း၊ မလေးရှားသို့ မူးယစ်ဆေးဝါးများ ပို့ဆောင်ရာတွင် ဦးစီးလုပ်ကိုင်သူ မျိုးမင်းစိုး (ခ) ကိုမျိုးကို မြောက်ဥက္ကလာပမြို့နယ် သုခမ္မာလမ်းမကြီးတွင် CELSIOR ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေထိုင်သည့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်(၄၉)ရပ်ကွက်ရှိနေအိမ်မှ အိုက်စ် (မက်သ်အဖက်တမင်း) *စာမျက်နှာ ၁၅ သို့*



ဖမ်းဆီးရမိသည့် တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။




ဖမ်းဆီးရမိသည့် တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်း ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



မလေးရှားရေပြင်သို့ စိတ်ပြောင်းဆေးဝါးများသယ်ဆောင်သည့် ရွှေကောင်းသာ စက်လှေကို တွေ့ရစဉ်။

**၆-၃-၂၀၂၅ ရက်နေ့ ရန်ကုန်မြို့တွင် ငွေကျပ် ၉၆.၆၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် ၃.၄၆၅ တန်နှင့် ကက်တမင်း ကီလို ၂၀၀ တို့အား သယ်ဆောင်ရောင်းဝယ်သည့် မူးယစ်မှောင်ခိုဂိုဏ်းအား ဖော်ထုတ်ဖမ်းဆီးရမိ**




အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ ဂုဏ်ပြုဆောင်းပါး

# ဘေးကင်း၍ အာဟာရပြည့်ဝသော စားရေရိက္ခာများဖူလုံဖို့ စိုက်ပျိုးရေးနှင့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းစို့

သစ်တောမောင်




### ခံနိုင်ရည်ရှိသော စိုက်ပျိုးရေးအစားအစာ စနစ်များနှင့် သစ်တောဂေဟစနစ်များ

စားရေရိက္ခာဖူလုံရေးသည် မိသားစုတိုင်းအတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံတည်ငြိမ်ရေး၊ အေးချမ်းသာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စားရေရိက္ခာအမျိုးမျိုးထုတ်လုပ်ရေးအတွက် နေ့စဉ်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးအစားအစာစနစ်များ (Agrifood Systems) နှင့် သစ်တောဂေဟစနစ်များ(Forest Ecosystems) သည် အစားအစာများ၊ ဇီဝလောင်စာများ၊ သစ်တောထွက်ပစ္စည်းများ၊ စွမ်းအင်၊ ဆီထွက်သီးနှံများ၊ စားရေရိက္ခာများ စသည့် ထုတ်ကုန်များထုတ်လုပ်ရုံသာမက အပန်းဖြေမှု၊ ယဉ်ကျေးမှုအပါအဝင် ဂေဟစနစ် ဝန်ဆောင်မှုအမျိုးမျိုးကို လူသားများနှင့် လူ့အဖွဲ့အစည်းအတွက် ဖြည့်ဆည်းပေးလျက်ရှိပြီး အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ "အစားအစာစနစ်"ဟူသော ဝေါဟာရတွင် အစားအစာထုတ်လုပ်ခြင်း၊ စီမံဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စားသုံးခြင်းတို့ ပါဝင်ပါသည်။

အစားအစာစနစ်များ မှန်ကန်ကောင်းမွန်မှသာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှုဓလေ့များနှင့် ပတ်ဝန်းကျင်အပေါ်တွင် ကောင်းကျိုးသက်ရောက်မည်ဖြစ်သည်။ အစားအသောက်ဘေးကင်းရေးသည် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ပြီး စားရေရိက္ခာဖူလုံမှုအတွက် အရေးပါသော အစိတ်အပိုင်းတစ်ခုသာမက အစားအသောက်ကြောင့်ဖြစ်သော ရောဂါများကို လျှော့ချရာတွင်လည်း အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

ကမ္ဘာလုံးဆိုင်ရာ ဇီဝစီးပွားရေး (Global Bioeconomy) သည် ကမ္ဘာ့စီးပွားရေး၏ အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ဖွဲ့စည်းထားရုံသာမက အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုလည်းဖြစ်သည်။ စိုက်ပျိုးရေးအစားအစာနှင့်သစ်တောဂေဟစနစ်များသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာချိတ်ဆက်လျက်ရှိပြီး အဆိုပါစနစ်များ၏ ကုန်ပစ္စည်းထုတ်လုပ်မှုများသည် ရေ၊ မြေဆီလွှာ၊ ဇီဝအာဟာရကြွယ်ဝမှု၊ စွမ်းအင်၊ ရာသီဥတု စသည့် သဘာဝပတ်ဝန်းကျင်အခြေအနေများအပေါ်တွင် မူတည်လျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် စိုက်ပျိုးရေး အစားအစာစနစ်များနှင့် သစ်တောဂေဟစနစ်များသည် မြေဆီလွှာဖွဲ့စည်းပုံနှင့် မြေဩဇာထိန်းသိမ်းခြင်း၊ ဒေသဆိုင်ရာဇလဗေဒထိန်းညှိခြင်းစသည့် အရေးကြီးသော အခန်းကဏ္ဍများတွင် အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေနိုင်သကဲ့သို့ စနစ်တကျစီမံခန့်ခွဲနိုင်ခြင်းမရှိပါက ရေနှင့် မြေဆီလွှာညစ်ညမ်းမှုနှင့် မြေဆီလွှာနှင့် သဘာဝမြေသယံဇာတများ ပျက်စီးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

ယခုအခါ စိုက်ပျိုးရေးစားရေရိက္ခာများ၊ လယ်ယာထွက်ကုန်များနှင့် သစ်တောသယံဇာတများ၊ အစားအစာစနစ်နှင့် သစ်တောဂေဟစနစ်များသည် ရာသီဥတုဖောက်ပြန်ခြင်း၊ မကြုံစဖူး ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ ကျူးကျော်မျိုးစိတ်များ ဝင်ရောက်မှု၊ ရေ၊ လေနှင့် မြေဆီလွှာညစ်ညမ်းမှုနှင့် မြေအသုံးချမှုပြောင်းလဲခြင်း (ဥပမာ မြို့ပြအဖြစ်ပြောင်းလဲခြင်း အပါအဝင်) စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အမျှ စားရေရိက္ခာနှင့် သစ်တောထွက်ပစ္စည်းများ ဝယ်လိုအားသည် အရှိန်အဟုန်ဖြင့် မြင့်တက်လာလျက်ရှိပါသည်။ အကန့်အသတ်ဖြင့်သာရှိသော သဘာဝသယံဇာတအရင်းအမြစ်များအပေါ်မှီခိုမှု အဆမတန်များပြားလာခြင်း၊ လိုအပ်ချက်များမြင့်တက်၍ ဝယ်လိုအား တိုးပွားလာခြင်းသည် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေရန် ဦးတည်လျက်ရှိသဖြင့် ပိုမိုထိရောက်သော အသုံးချမှုနှင့် ကာကွယ်ထိန်းသိမ်းမှုများကို အလေးထားဆောင်ရွက်ကြရန် မီးမောင်းထိုးပြလျက်ရှိပါသည်။

### ဘေးကင်းပြီး အာဟာရပြည့်ဝသည့် စားရေရိက္ခာများ

စားရေရိက္ခာဆိုသည်မှာ သက်ရှိသတ္တဝါများ ရှင်သန်ကြီးထွားနိုင်ရန်အတွက် လိုအပ်သော အာဟာရဖြစ်စေသည့်အရာများဖြစ်ပြီး လူသားတို့အသက်ရှင်မှုအတွက် စွမ်းအင်ကို ပြည့်ဝစေရန် အဓိက ထောက်ပံ့သောပစ္စည်းများ ဖြစ်ပါသည်။ စားရေရိက္ခာများသည် လူ့ဘဝ၏ဗဟိုချက်ဖြစ်ပြီး လူသားများ၏ တည်ရှိမှုအတွက်သာမက လူသားများ၏ ယဉ်ကျေးမှုစံနှုန်းများနှင့် လူမှုဘဝနေထိုင်မှုအတွက်လည်း အခြေခံအုတ်မြစ်ဖြစ်သည်။ လူတို့နေ့စဉ်သွားလာနိုင်ရန်၊ ခန္ဓာကိုယ်ဖွံ့ဖြိုးရန်၊ ဉာဏ်ရည်ဖွံ့ဖြိုးရန်နှင့် ရောဂါဘယများအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အဓိကလိုအပ်သော စွမ်းအင်ကို အစာအာဟာရမှ ရရှိနိုင်မည်ဖြစ်ပါသည်။ အစားအစာများ၊ စားရေရိက္ခာများသည် လူသားတစ်ဦး၏ လူနေမှုဘဝတွင် အခြေခံအကျဆုံး လိုအပ်ချက်လည်းဖြစ်ပါသည်။

မြေထု၊ ရေထုတွင် ထွက်ရှိသော သဘာဝပေါက်ပင်နှင့် ရေထွက်ပစ္စည်းများ၊ လူသားများစီမံလုပ်ဆောင်သော လယ်ယာထွက်ကုန်အစုအဝေးများ၊ မွေးမြူရေးအင်အားစုများသည် စားရေရိက္ခာ၏ ထုတ်ကုန်များဖြစ်ကြသည်။ အပင်အမျိုးမျိုးမှ အစေ့အဆန်များ၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများ၊ အဆီများနှင့် တိရစ္ဆာန်များမှ အသားနှင့် အဆီ စသည့် စားရေရိက္ခာတို့ကိုရရှိပါသည်။ မြေထု၊ ရေထုတွင် ထွက်ရှိသော သဘာဝပေါက်ပင်နှင့် ရေထွက်ပစ္စည်းများ၊ လူသားများစီမံလုပ်ဆောင်သော လယ်ယာထွက်ကုန်အစုအဝေးများ မွေးမြူရေးအင်အားစုများသည် စားရေရိက္ခာ၏ ထုတ်ကုန်များဖြစ်ကြပါသည်။ စားရေရိက္ခာသည် လူသားတို့အသက်ရှင်မှုအတွက် စွမ်းအင်ကိုပြည့်ဝစေရန် အဓိကထောက်ပံ့သောပစ္စည်းများဖြစ်ပါသည်။

**ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင် ၂** သည် "ဆာလောင်မွတ်သိပ်မှုလုံးဝမရှိ" ရန်ဖြစ်ပြီး "ငတ်မွတ်မှုရပ်တန့်ရေး၊ စားရေရိက္ခာဖူလုံရေးနှင့် ပိုမိုကောင်းမွန်သော အာဟာရရရှိရန်နှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးကို မြှင့်တင်ရန်" ဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုပုံစံအားလုံးကို အဆုံးသတ်ရန် ရည်မှန်းထားပြီး လူသားအားလုံး အထူးသဖြင့် ကလေးငယ်များ တစ်နှစ်ပတ်လုံး အာဟာရပြည့်ဝပြီး လုံလောက်သော အစားအစာရရှိကြောင်း သေချာစေရန် ချမှတ်ထားသည့် ရည်မှန်းချက်လည်းဖြစ်ပါသည်။

အစားအစာဖူလုံရုံသာမက ဘေးကင်းပြီး အာဟာရပြည့်ဝသောအစားအစာ၊ အရည်အသွေးပြည့်ဝသော အစားအစာ လုံလောက်စွာရရှိရေးသည် အလွန်အရေးကြီးသည်။ အစားအသောက်ကြောင့်ဖြစ်သော ရောဂါအမျိုးပေါင်း ၂၀၀ ခန့်ကြောင့် နှစ်စဉ် သန်း ၆၀၀ ဖျားနာကြပြီး နှစ်စဉ်သေဆုံးမှု ၄၂၀၀၀၀ ကျော်ရှိကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ခန့်မှန်းခြေလူပေါင်း နှစ်ဘီလီယံခန့်သည် ဘေးကင်းသော၊ အာဟာရပြည့်ဝပြီး လုံလောက်သောအစားအစာကို ပုံမှန်လက်လှမ်းမီနိုင်ခြင်းမရှိကြောင်း သိရှိရပြီး အဆိုပါအတိုင်း ဆက်လက်ဖြစ်ပေါ်နေပါက ငတ်မွတ်မှုဒဏ်ခံရသော လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် သန်း ၈၄၀ သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၉ ဒသမ ၈ ရာခိုင်နှုန်း ကျော်သွားမည်ဖြစ်သည်။

**"အစားအစာဖူလုံရုံသာမက ဘေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာ၊ အရည်အသွေးပြည့်ဝသော အစားအစာ လုံလောက်စွာရရှိရေးသည် အလွန်အရေးကြီး။ အစားအသောက်ကြောင့်ဖြစ်သော ရောဂါအမျိုးပေါင်း ၂၀၀ ခန့်ကြောင့် နှစ်စဉ် သန်း ၆၀၀ ဖျားနာကြပြီး နှစ်စဉ်သေဆုံးမှု ၄၂၀၀၀၀ ကျော်ရှိကြောင်း သိရှိရ။ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာပေါ်ရှိ ခန့်မှန်းခြေလူပေါင်း နှစ်ဘီလီယံခန့်သည် ဘေးကင်းသော၊ အာဟာရပြည့်ဝပြီး လုံလောက်သော အစားအစာကို ပုံမှန်လက်လှမ်းမီနိုင်ခြင်းမရှိကြောင်း သိရှိရပြီး အဆိုပါအတိုင်း ဆက်လက်ဖြစ်ပေါ်နေပါက ငတ်မွတ်မှုဒဏ်ခံရသော လူဦးရေသည် ၂၀၃၀ ပြည့်နှစ်တွင် သန်း ၈၄၀ သို့မဟုတ် ကမ္ဘာ့လူဦးရေ၏ ၉ ဒသမ ၈ ရာခိုင်နှုန်း ကျော်သွားမည်"**

### သစ်တောဂေဟစနစ်ဝန်ဆောင်မှုများ

သစ်တောအခြေခံ စိုက်ပျိုးရေးစားရေရိက္ခာစနစ်များနှင့် အစားအစာစနစ်များသည် စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝစေရေးနှင့် ပတ်ဝန်းကျင် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကို ပေါင်းစည်းထားသည့်စနစ်များဖြစ်ပါသည်။ သစ်တောအခြေခံ စိုက်ပျိုးရေးအစားအစာစနစ်များ (Forests–based agrifood systems) သည် သဘာဝဂေဟစနစ်များနှင့် လူသားများ၏ ခံနိုင်ရည်အားကို ကောင်းမွန်စေပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးကို အထောက်အကူပြုစေပါသည်။ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော သစ်တောစီမံအုပ်ချုပ်မှုစနစ်၊ စိုက်ပျိုးရေးစနစ်နှင့် အာဟာရဆိုင်ရာ အလေ့အကျင့်ကောင်းများကို ကျယ်ပြန့်စွာကျင့်သုံးခြင်းဖြင့် ပျက်စီးယိုယွင်းနေသော မြေဆီလွှာများကို ပြန်လည်ထိန်းသိမ်းမည်ဖြစ်ပါသည်။

သစ်တောများက အထောက်အပံ့ပြုသော ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများသည် စားရေရိက္ခာထုတ်လုပ်မှု တိုးတက်စေရေးအတွက်သာမက

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူးအမျိုးမျိုး ပံ့ပိုးလျက်ရှိသောကြောင့် သက်ရှိလောကအတွက် အဖိုးတန်လှသည်။ သစ်တောများမှ (က) ထောက်ပံ့မှုဆိုင်ရာဝန်ဆောင်မှု (Provisional Services)၊ ဥပမာ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ စားရေရိက္ခာ၊ ရေကောင်းရေသန့် ရရှိစေခြင်း စသည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ (ခ) ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာဝန်ဆောင်မှု (Regulating Services)၊ ဥပမာ ရာသီဥတုပြောင်းလဲမှုကိုထိန်းညှိခြင်း၊ လေထုအတွင်းမှ ကာဗွန်စုပ်ယူသိုလှောင်ခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ ရေလေ သန့်စင်မှုလုပ်ငန်းများ၊ မြေတိုက်စားမှု မြေပြိုမှုများမှကာကွယ်ခြင်း၊ ဝတ်မှုန်ကူးခြင်းနှင့် ပိုးမွှားကျရောက်မှုများမှ ကာကွယ်ခြင်း စသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ (ဂ) ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ (Cultural and Spiritual Spirit)၊ ဥပမာ အပန်းဖြေမှု၊ အလှအပနှင့် မျက်စိပသာဒ ဆိုင်ရာဝန်ဆောင်မှု၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ဆိုင်ရာဝန်ဆောင်မှုများနှင့် (ဃ) ဝန်ဆောင်မှုလုပ်ငန်းများအား အထောက်အကူပေးသည့် လုပ်ငန်းများ (Suppor-ting Services)၊ ဥပမာ မြေဆီလွှာဖြစ်ပေါ်လာမှု ဖြစ်စဉ်အဆင့်ဆင့်အပါအဝင် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကို ချိတ်ဆက်ပေါင်းစပ်ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများကို သစ်တောများက ပံ့ပိုးထောက်ပံ့ပေးလျက်ရှိပါသည်။

## ကောင်းမွန်သောဂေဟစနစ်နှင့် ဘေးကင်းသော စားရေရိက္ခာများ

တည်ငြိမ်ကောင်းမွန်သော ဂေဟစနစ်များသည် အပင်များနှင့် တိရစ္ဆာန်များ ရှင်သန်ကြီးထွားရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ စားရေရိက္ခာထုတ်လုပ်သည့်နည်းလမ်းနှင့် အစားအစာများသည် သဘာဝပတ်ဝန်းကျင်နှင့် နက်ရှိုင်းစွာဆက်စပ်နေပါသည်။ ဂေဟစနစ်တည်ငြိမ်ပြီး ရာသီဥတုမျှတကောင်းမွန်မှသာ စားရေရိက္ခာထုတ်လုပ်မှုဖြစ်ထွန်းအောင်မြင်နိုင်သည်။ ရေရှည်မတည်တံ့နိုင်သော အစားအစာထုတ်လုပ်မှုနှင့် စားသုံးမှုအလေ့အထများ ကျယ်ပြန့်လာပြီး အစားအစာစနစ်များ ပျက်စီးလာသောအခါ အကျိုးဆက်အနေဖြင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာရပါသည်။

အစားအစာ အရင်းအမြစ်များဖြစ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင်၊ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်အောင် စနစ်တကျဆောင်ရွက်နိုင်ခြင်း မရှိပါက စားရေရိက္ခာထုတ်လုပ်ရေးကို ထိခိုက်စေရုံသာမက မြေထု၊ ရေထု၊ လေထုညစ်ညမ်းခြင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းခြင်း၊ မိုးခေါင်ခြင်း၊ မြေပြိုခြင်းနှင့် ရေလွှမ်းမိုးခြင်းကဲ့သို့သော ဘေးအန္တရာယ်များကျရောက်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်း စသည့် ဆိုးကျိုးများစွာ ဖြစ်လာစေနိုင်ပါသည်။

သဘာဝဂေဟစနစ်များသည် စားရေရိက္ခာများ တိုက်ရိုက်ထုတ်လုပ်ပေးသည့် အရင်းအမြစ်များဖြစ်ပြီး ဝတ်မှုန်ကူးခြင်း၊ မြေဆီလွှာဖွဲ့စည်းခြင်း၊ အာဟာရစက်ဝန်း လည်ပတ်ခြင်းနှင့် ရေထိန်းညှိခြင်း စသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းများ၊ စားရေရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်စုံကြွယ်ဝစေရေးအတွက် ပံ့ပိုးပေးပါသည်။ ရေရှည်တွင် သဘာဝနှင့် လိုက်လျောညီထွေရှိသော ခံနိုင်ရည်ရှိသည့် အစားအစာစနစ်များ၊ စားရေရိက္ခာထုတ်လုပ်မှုပုံစံများသာလျှင် လူသားများအတွက် ကျန်းမာ၊ ဘေးကင်းပြီး ယုံကြည်စိတ်ချရသော အစားအစာအရင်းအမြစ်ကို ထုတ်လုပ်ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ ကောင်းကျိုးချမ်းသာအတွက်၊ စားရေရိက္ခာပြည့်စုံဖူလုံစေရေးအတွက် သစ်ပင်သစ်တောများ၊ ဂေဟစနစ်များ၊ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အလွန်အရေးကြီးပါသည်။

## အပြည်ပြည်ဆိုင်ရာသစ်တောများနေ့

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက ပြည်သူများအကြား သစ်ပင်သစ်တော ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားစေရန်၊ သစ်တောများ၏ အရေးပါသည့်အခန်းကဏ္ဍကို ပိုမိုနားလည်လာစေရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်လာစေရန်နှင့် သစ်ပင်သစ်တောများကို ပိုမိုချစ်ခင်မြတ်နိုးတတ်စေရန်ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် A/C.2/67/L.4 ဖြင့် မတ်လ ၂၁ ရက်နေ့ကို **"အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့" (International Day of Forests)** အဖြစ် သတ်မှတ်ကြေညာခဲ့သည်။ ၂၀၂၅ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ (International Day of Forests) ၏ ဆောင်ပုဒ်မှာ **"သစ်တောများနှင့် စားရေရိက္ခာများ" (Forests and Foods)** ဖြစ်သည်။ သစ်ပင်သစ်တောများသည် စားရေရိက္ခာဖူလုံခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အာဟာရပြည့်ဝစေခြင်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် အလွန်အရေးပါသော အခန်းကဏ္ဍများမှ ပါဝင်နေခြင်းကို မီးမောင်းထိုးပြသည့်အနေဖြင့် အဆိုပါဆောင်ပုဒ်ကို သတ်မှတ်ထားခြင်းဖြစ်သည်။

ယခုနှစ် **အပြည်ပြည်ဆိုင်ရာသစ်တောများနေ့**တွင် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ထုတ်ပြန်ထားသော သစ်တောများနှင့် စားရေရိက္ခာဆက်စပ်နေသည့် အဓိက သတင်းစကားများ မျှဝေထားသည်ကို အောက်ပါအတိုင်း တွေ့နိုင်ပါသည်-

- ❖ ရာသီဥတုပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပွားမှု၊ ပဋိပက္ခများဖြစ်ပွားမှု၊ စီးပွားရေးကျဆင်းမှု၊ မညီမျှမှုနှင့် ကပ်ရောဂါဖြစ်ပွားမှုတို့ကြောင့် ကမ္ဘာပေါ်ရှိ လူပေါင်း ၇၃၃ သန်းခန့်သည် ငတ်မွတ်မှုနှင့် ရင်ဆိုင်ရလျက်ရှိပါသည်။ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၈၁၅ သန်းသည် အာဟာရချို့တဲ့လျက်ရှိပြီး တစ်နေ့လျှင် ကလေး ၁၆၀၀၀ ကျော်သည် ငတ်မွတ်ခေါင်းပါးခြင်းကြောင့် သေဆုံးနေကြောင်း၊
- ❖ သစ်တောများသည် လူသန်းပေါင်းများစွာအတွက် စားရေရိက္ခာ၊ ဆေးဝါးနှင့် အသက်မွေးဝမ်းကျောင်းများကို ပံ့ပိုးပေးကြောင်း၊ ကမ္ဘာတစ်ဝန်းရှိ လူငါးဘီလီယံကျော်သည် သစ်တောနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အစားအစာ၊ ဆေးဝါးနှင့် အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုကြလျက်ရှိကြောင်း၊ နောက်ဆုံးပေါ်ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းသစ်တောများမှရရှိကြောင်း၊
- ❖ အပူပိုင်းသစ်တောများသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံနှင့်ညီမျှသော စိုက်ပျိုးရေးအတွက် ဝတ်မှုန်ကူးခြင်းကို ကူညီထောက်ပံ့ပေးကြောင်း၊ ကမ္ဘာ့စားရေရိက္ခာ၏ သုံးပုံတစ်ပုံခန့်ကို တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ကိုင်သူများက ထုတ်လုပ်ပေးကြောင်း၊
- ❖ သစ်တောများနှင့် သစ်ပင်များသည် အစေ့အဆန်များ၊ သစ်သီးများ၊ အစေ့များ၊ အမြစ်များ၊ ဥများ၊ အရွက်များ၊ မှိုများ၊ ပျားရည်၊ တောရိုင်းအသားများနှင့် အင်းဆက်ပိုးမွှားများကြွယ်ဝသော အရင်းအမြစ်များဖြစ်ပြီး လူတို့၏ အစားအသောက်အတွက် မရှိမဖြစ်လိုအပ်သော

**❂ သစ်တောများသည် လူသန်းပေါင်းများစွာအတွက် စားရေရိက္ခာ၊ ဆေးဝါးနှင့် အသက်မွေးဝမ်းကျောင်းများကို ပံ့ပိုးပေး၊ ကမ္ဘာတစ်ဝန်းရှိ လူငါးဘီလီယံကျော်သည် သစ်တောနှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အစားအစာ၊ ဆေးဝါးနှင့် အသက်မွေးဝမ်းကျောင်းအတွက် အသုံးပြုကြလျက်ရှိ၊ နောက်ဆုံးပေါ်ဆေးဝါးများ၏ ၂၅ ရာခိုင်နှုန်းကျော်သည် အပူပိုင်းသစ်တောများမှ ရရှိ**

**❂ လူဦးရေ နှစ်ဘီလီယံကျော်သည် အစားအစာချက်ပြုတ်ရန်အတွက် သစ်သားနှင့် အခြားရိုးရာလောင်စာများကို မှီခိုအားထားနေရပြီး အဆိုပါလောင်စာများကို သစ်တောများမှရရှိ**

အာဟာရများကို ပံ့ပိုးပေးလျက်ရှိကြောင်း၊

- ❖ သစ်တောများမှ တောရိုင်းတိရစ္ဆာန်အသားများသည် ပရိုတင်းနှင့် အဏုအာဟာရဓာတ်များ၏ မရှိမဖြစ်လိုအပ်သော အရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဌာနေတိုင်းရင်းသားများနှင့် ကျေးလက်နေပြည်သူများအတွက် အရေးကြီးသော ပရိုတင်းအရင်းအမြစ်တစ်ခုဖြစ်ကြောင်း၊ တောရိုင်းတိရစ္ဆာန်မျိုးစိတ်ပေါင်း ၃၂၀၀ ကျော်ကို အစာအဖြစ် အသုံးပြုကြကြောင်း၊
- ❖ ပုံမှန်စားရေရိက္ခာအရင်းအမြစ်များ မရရှိနိုင်သောကာလများ၊ ကိုဗစ်-၁၉ ကဲ့သို့သော ကပ်ရောဂါကျရောက်သော ကာလများ၊ အကျပ်အတည်းကာလများတွင် သစ်တောများသည် စားရေရိက္ခာဘေးကင်းရေးနှင့် အစားအစာရရှိရေးအတွက် အရေးပါသော အရင်းအမြစ်တစ်ခုအဖြစ် ပံ့ပိုးကြောင်း၊
- ❖ လူဦးရေ နှစ်ဘီလီယံကျော်သည် အစားအစာ ချက်ပြုတ်ရန်အတွက် သစ်သားနှင့် အခြားရိုးရာလောင်စာများကို မှီခိုအားထားနေရပြီး အဆိုပါလောင်စာများကို သစ်တောများမှရရှိကြောင်း၊
- ❖ အပူပိုင်းသစ်တောများသည် လူများအတွက် ကျန်းမာရေးဂရုစိုက်မှုအဖြစ် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၀၈ သန်းနှင့် ညီမျှသည့် ဆေးဖက်ဝင်အပင်များကို ထောက်ပံ့ပေးကြောင်း၊
- ❖ ကမ္ဘာ့သစ်တောဧရိယာ ဟက်တာသန်းပေါင်း ၃၃၀ သည် မြေဆီလွှာ ထိန်းသိမ်းခြင်း၊ ရေဝေရေလဲထိန်းသိမ်းခြင်း၊ ရေခဲတောင်ပြိုကျမှုမှ တားဆီးကာကွယ်ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုမှ ကာကွယ်တားဆီးခြင်းနှင့် ကမ်းရိုးတန်းဒေသများတွင် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်တားဆီးပေးကြောင်း၊
- ❖ သစ်တောပြုန်းတီးသော ရေဝေရေလဲများသည် ကမ္ဘာ့မြို့ကြီးများ၏ ၈၅ ရာခိုင်နှုန်းကျော်အတွက် ရေချိုကိုထောက်ပံ့ပေးပြီး ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှုသည် မြို့ပြကြီးများတွင် နေထိုင်သူ ၁ ဒသမ ၇ ဘီလီယံကျော်အတွက် ရေအရည်အသွေးကို မြှင့်တင်ပေးနိုင်ကာ ၎င်းတို့၏ စားရေရိက္ခာနှင့် ရေဖူလုံမှုကို အထောက်အကူပြုကြောင်း၊
- ❖ သစ်တောများမှ ထုတ်လုပ်ပေးသော စွမ်းအင်သည် ဆိုလာ၊ ရေအားလျှပ်စစ် (သို့မဟုတ်) လေအားလျှပ်စစ်တို့မှ ထုတ်လုပ်ပေးသော စွမ်းအင်ထက်ပိုမိုပြီး ကမ္ဘာ့ပြန်ပြည့်မြဲစွမ်းအင် ထုတ်လုပ်မှု စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖော်ပြထားပါသည်။

## ဘေးကင်း၍ အာဟာရပြည့်ဝသော စားရေရိက္ခာများ ဖူလုံဖို့၊ စိုက်ပျိုးရေးနှင့် သစ်တောဂေဟစနစ်များ ထိန်းသိမ်းစို့

ကုလသမဂ္ဂစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင် ၁၅ တွင် ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်ကို ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ် အသုံးပြုနိုင်ရေး၊ သစ်တောများ ထာဝစဉ်တည်တံ့စေရန် စီမံအုပ်ချုပ်ရေးကို ရည်မှန်းချက်ပန်းတိုင်အဖြစ် သတ်မှတ်ထားပါသည်။ လူ့အဖွဲ့အစည်းတစ်ခု စားရေရိက္ခာ ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက် သဘာဝအခြေခံ အရင်းအနှီးများဖြစ်သည့် မြေသယံဇာတ၊ ရေအရင်းအမြစ်၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တော၊ တောင်၊ ပင်လယ်ကမ်းရိုးတန်းတို့သည် အရေးကြီးသော သဘာဝအခြေခံအရင်းအမြစ်များဖြစ်ပါသည်။ ကျန်းမာကြံ့ခိုင်သော၊ သဟဇာတမျှတသော သစ်တောဂေဟစနစ်များသည် ဂေဟစနစ်ဝန်ဆောင်မှု အကျိုးကျေးဇူးများစွာကို ထောက်ပံ့နိုင်ပြီး နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဦးစားပေးလုပ်ငန်းများကို အောင်မြင်ရန် ပံ့ပိုးနိုင်သဖြင့် သစ်တောသစ်ပင်များ၊ သစ်တောဂေဟစနစ်များကို ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းရန်လိုအပ်ပါသည်။

သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း (Agroforestry) ကဲ့သို့သော မြေအသုံးချမှုနည်းစနစ်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပေါင်းစုဆောင်ရွက်နိုင်သည့် သဘာဝကို အခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature-based solutions)၊ စိုက်ပျိုးမွေးမြူရေး အလေ့အကျင့်ကောင်းများဖြစ်သဖြင့် အထူးအလေးထား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက အကျိုးကျေးဇူးများစွာရနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးအစားအစာစနစ်များ (Agrifood Systems) နှင့် သစ်တောဂေဟစနစ်များ (Forest Ecosystems) ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်း၊ သုတေသနနှင့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်ခြင်း၊ ပညာပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍ၊ ပညာရေးနှင့် သုတေသနအဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများအပါအဝင် ဆက်စပ်ပတ်သက်သူများအားလုံး ကျယ်ပြန့်စွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့ပြီး စားရေရိက္ခာဖူလုံကာ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း မတ်လ ၂၁ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့ (၂၀၂၅)** အား ဂုဏ်ပြုတင်ပြအပ်ပါသည်။ ။

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နွေရာသီသင်တန်းများ ဖွင့်လှစ်



**နေပြည်တော် မတ် ၁၈**
နိုင်ငံတကာသုံးဘာသာစကားဖြစ်သည့် အင်္ဂလိပ်စာကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်စေရန်၊ ကွန်ပျူတာကျွမ်းကျင်စေရန်၊ မြတ်ဗုဒ္ဓ၏ အဆုံးအမ ဩဝါဒများ၊ တရားဒေသနာတော်များ၊ ဗုဒ္ဓရာဇဝင်တော်များနှင့် မြန်မာ့သိုင်းအခြေခံများအား သိရှိနားလည်စေရန်နှင့် ဘာသာတရားအဆုံးအမများနှင့် ထုံမွမ်းပြည့်ဝပြီး ယဉ်ကျေးလိမ္မာသည့် သားငယ်၊ သမီးငယ်များဖြစ်စေရန် ရည်ရွယ်၍ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ငူတပ်နယ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မိခိုသူ ကျောင်းသား ကျောင်းသူများအား နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းအမှတ်စဉ်(၁/၂၀၂၅)၊ အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့်သင်တန်းအမှတ်စဉ် (၁/၂၀၂၅)၊ ကွန်ပျူတာ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) နှင့် မြန်မာ့သိုင်းအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းများတွင် အင်္ဂလိပ်စကားပြော အခြေခံ/အဆင့်မြင့်သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ ဖြင့်လည်းကောင်း၊ ကွန်ပျူတာ အခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၀ ဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာ သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ နှင့် မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၀ ဖြင့်လည်းကောင်း ဧပြီ ၁၁ ရက် အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ ပညာရေးနှင့် ကျန်းမာရေးအသိပညာပေး



**ဖျာပုံ မတ် ၁၈**
ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာသို့ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့၊ အငြိမ်းစား ဆေးရုံအုပ်ကြီးများ၊ သမားတော်ကြီးများ၊ အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၁၅ ဦး ပါဝင်သော နွေရာသီစာတတ်မြောက်ရေး ဒေသကွင်းဆင်း ပရဟိတခရီးစဉ်အဖြစ် မတ် ၁၈ ရက်က အဆိုပါကျေးရွာ အလက (ရှမ်းကွင်း) ကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

အဆိုပါ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆောင်သော အငြိမ်းစား ဆေးရုံအုပ်ကြီးများ၊ သမားတော်ကြီးများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့် အဖွဲ့ဝင်များက စဉ်ဆက်ပညာရေး သင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများ အသိပညာပေး ဟောပြောပွဲကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ရှိသူများက ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာများကို အသိပညာပေး ဟောပြောကြသည်။

ထို့နောက် အငြိမ်းစားဆေးရုံအုပ်ကြီးများ၊ သမားတော်ကြီးများ၊ အငြိမ်းစားဆရာကြီးများနှင့် ဆေးကုသရေးအဖွဲ့ဝင်များက ကျုံတာရှမ်းကွင်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအား အခမဲ့ ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပျဉ်းမနားမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**ပျဉ်းမနား မတ် ၁၈**
ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့် လူငယ်များပေါ်ထွန်းလာစေရေးအတွက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ လူငယ်စာဖတ်ဝိုင်းများနှင့် အသိပညာပေးပြပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြောကို ကျင်းပသည်။

ဦးစွာ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က လူငယ်အသိပညာပေးလုပ်ငန်းများဆောင်ရွက်နေမှုများ၊ လူထုအခြေပြုဗဟိုဌာန၌ လူငယ်အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ အကြီးကိုကို(ကသာ)က ပျဉ်းမနားမြို့နယ် ပြည်သူ့စာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဇော်မင်းလွင်က လက်ခံရယူသည်။ ယင်းနောက် စာရေးဆရာ အကြီးကိုကို(ကသာ)က “ပထမတန်းစားလူ၊ ပထမတန်းစားနိုင်ငံ” ခေါင်းစဉ်ဖြင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောဆွေးနွေးသည်။

**မျိုးသီဟ(ပြန်/ဆက်)**




## တနင်္သာရီမြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းဆင်း



**တနင်္သာရီ မတ် ၁၈**
တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မတ် ၆ ရက်မှစ၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည့် နွေရာသီဘောလုံးအားကစားနည်းနှင့် ဘော်လီဘောကစားနည်း အခြေခံအားကစားသင်တန်းဆင်းပွဲကို မတ် ၁၇ ရက်က မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ခေါင်က နွေရာသီရက်ရှည် ကျောင်းပိတ်ရက်များအတွင်း အချိန်ကိုအကျိုးရှိရှိ အသုံးချတတ်ပြီး ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာစေကြောင်း ပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သင်တန်းသားများအား သင်တန်းဆင်း လက်မှတ်များနှင့် နည်းပြများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးအပ်သည်။(ဓာတ်ပုံ)

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်း၌ ဘောလုံးအားကစားနည်း သင်တန်းသား ၄၇ ဦးနှင့် ဘော်လီဘောအားကစားနည်း သင်တန်းသား ၂၄ ဦးအား နည်းပြ နှစ်ဦးက သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန၌ အဆင့်မြင့်ပန်းချီရေးဆွဲနည်းသင်တန်း ဖွင့်လှစ်

**ရန်ကုန် မတ် ၁၈**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ နွေရာသီ ကျောင်းပိတ်ရက်တွင် ကလေးများ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးစေရန်အတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အဆင့်မြင့်ပန်းချီရေးဆွဲနည်း သင်တန်း (၃/၂၀၂၅) ကို မတ်၁၇ ရက်မှစ၍ စတင်သင်ကြားပေးလျက်ရှိသည်။



အဆိုပါသင်တန်းတွင် ပန်းချီဆရာနေမင်းချိုက ပန်းချီပညာတွင် အရေးပါသည့် အတွေးအခေါ်၊ အယူအဆ၊ ရှုမြင်ပုံ၊ စိတ်ကူးစိတ်သန်း၊ အနီးအဝေး၊ ခဲပန်းချီ၊ ဆေးရောင်စုံ၊ ရေဆေးနှင့် သဘာဝပတ်ဝန်းကျင် ပန်းချီရေးဆွဲခြင်း ပညာရပ်များ သင်ကြားပေးလျက်ရှိရာ သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မတ် ၁၇ ရက်မှ ၂၁ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**သိန်းအောင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ အခမ်းအနားမှူး သင်တန်းဖွင့်

**ရွှေတောင် မတ် ၁၈**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသော အခမ်းအနားမှူး သင်တန်းကို ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်သည်။



အခမ်းအနားတွင် ရွှေတောင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမြဒေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသန့်က စည်းစနစ်ကျနပြီး အရည်အချင်းပြည့်ဝသော မျိုးဆက်သစ် အခမ်းအနားမှူးကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မတ် ၁၈ ရက်မှ ၂၀ ရက်ထိ သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသူ ၂၀ တက်ရောက်ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

# အီရတ်နိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် မတ် ၁၈**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့်အနေဖြင့် မည်သို့သော အခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ် ရုံးတို့သည် သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အီရတ်နိုင်ငံကို တွဲဖက်တာဝန်ယူဆောင်ရွက်သည့် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမြတ်ဝတ်ရည်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် အီဂျစ်နိုင်ငံဆိုင်ရာ အီရတ်သံရုံးနှင့်လည်းကောင်း၊ အီရတ်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများဆိုင်ရာ အဖွဲ့(IOM)နှင့်လည်းကောင်း ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ မတ် ၁၆ ရက်က အီရတ်နိုင်ငံမှ Baghdad – Doha– Phnom penh – Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ကာ မတ် ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



နိုင်ငံတော်အစိုးရ အနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီ ဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ–ကနူး**

## မျက်စိအခမဲ့စမ်းသပ်ခွဲစိတ်ကုသပေးမှု ပဲခူးတိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ပါဝင်ဆောင်ရွက်

**ပဲခူး မတ် ၁၈**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားမှုဖြင့် ကုသရေးဦးစီးဌာန၏ "ကျန်းမာရေး စောင့်ရှောက်မှု အခြေအနေ လွှမ်းခြုံမှုတိုးတက်ရေး၊ ပြည်သူ့ဆေးရုံများ၏ ကုသမှု အရည်အသွေးမြင့်မားရေး" ဟူသည့် ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံ၌ မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ပေးမှုကို မတ် ၁၇ ရက်မှ ၂၁ ရက်အထိ ဆောင်ရွက်ပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သည်။

မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်မှုပြုလုပ်ပေးရာတွင် ပဲခူးခရိုင်နှင့် ညောင်လေးပင်ခရိုင် အတွင်းရှိ မျက်စိကျန်းမာရေးစောင့်ရှောက်ပေးရန်လိုအပ်သော လူနာ ၈၅၀ ကျော်အား လွန်ခဲ့သော နှစ်ပတ်ခန့်မှစတင်၍ ကြိုတင်စမ်းသပ်စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ မျက်စိခွဲစိတ်ကုသရန် လိုအပ်သော လူနာ ၂၅၀ ကို တစ်နေ့လျှင် လူနာ ၅၀ နှုန်းဖြင့် ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မျက်စိအထူးကုဆရာဝန်ကြီး၊ ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီး၊ တောင်ငူမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် ပြည်မြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးများက ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးသည်။



အဆိုပါ ခွဲစိတ်ကုသမှုလိုအပ်သောလူနာများအနက်မှ ခွဲစိတ်ပြီး လူနာများအား တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာထွေး ဦးဆောင်သည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်မှု ပြုလုပ်ပေးသည့်အပြင် ကြက်ဥနှင့် အာဟာရမုန့်များကိုလည်း လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**

## စာရေးသူ သိပ္ပံနည်းပညာ အင်ဂျင်နီယာထွန်း (၁၉၉၂ ခုနှစ် စက်မှုစီးပွားထူးချွန်) ရေးသားသော "သိပ္ပံနည်းပညာဆောင်းပါးစု" စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မတ် ၁၈**

စာရေးသူ သိပ္ပံနည်းပညာ အင်ဂျင်နီယာထွန်း (၁၉၉၂ ခုနှစ် စက်မှုစီးပွားထူးချွန်) ရေးသားသော "သိပ္ပံနည်းပညာဆောင်းပါးစု" စာအုပ်ကို စာပေဗိမာန်က ပထမအကြိမ် ထုတ်ဝေလိုက်ပါသည်။

စာအုပ်တွင် EV (လျှပ်စစ်ကား)နှင့် ICE Vehicle (လောင်စာဆီသုံး အင်ဂျင်ကား)တို့ ကွာခြားမှုအားသာချက်များအကြောင်း၊ လေဟာနယ်သဲနုခြောက်သွန်းပုံအတွင်း သတ္တုရည်သွန်းလောင်းခြင်းနည်းပညာ (Introduction to V–Process)၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး သဘာဝစွမ်းအင်၊ တိုယိုတာ(Toyota) အခြေပြု စွမ်းအားပြည့်စွမ်းရည်ပြည့်ကုန်ထုတ်လုပ်ခြင်းနည်းစနစ်၊ လေဟာနယ်အတွင်း သတ္တုသွန်းလောင်းထုတ်လုပ်မှု၊ အစားအစာနှင့် ရေထည့်သည့် ပလတ်စတစ်ထည့်စရာများ၏ အန္တရာယ်၊ အဆိပ်ဓာတ်ငွေ့များ ပျောက်စေတဲ့ EV ယာဉ်နဲ့ နေရောင်ခြည်စွမ်းအား၊ ယနေ့လူငယ်များအကြောင်း၊ သုတသိပ္ပံနည်းပညာ(လေဟာနယ်ပုံအတွင်း သတ္တုသွန်းလောင်းခြင်း၊ ခေတ်မီလျှပ်စစ်ကား) အကြောင်း ဟောပြောဆွေးနွေးခြင်း၊ သုတသိပ္ပံနည်းပညာ(လေဟာနယ်ပုံအတွင်း သတ္တုသွန်းလောင်းခြင်း၊ ခေတ်မီလျှပ်စစ်ကား) အကြောင်း သိကောင်းစရာများ စသည်ဖြင့် ဆောင်းပါး ၁၈ ပုဒ်ကို စုစည်းဖော်ပြထားပါသည်။

ခေတ်မီသိပ္ပံပညာနှင့် နည်းပညာများကို စိတ်ဝင်စားသူ၊ နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း စာရေးသူကိုယ်တိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် နည်းပညာဆောင်ရွက်ချက်များကို လေ့လာလိုသူ စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။

စာအုပ်တွင် စာမျက်နှာ ၂၀၅ မျက်နှာပါဝင်ပြီး တန်ဖိုး ငွေကျပ် ၅၀၀၀ ဖြင့် ရန်ကုန် အမှတ်၅၂၉–၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁– ၂၄၉၀၃၁၊ ၀၁–၃၈၁၄၄၈)၊ အမှတ်(တ–၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁၈**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"သံဃာတော်တွေကို တစ်ပြန်တစ်လှည့် သတ်ဖြတ်လာတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တားဆီးနှောင့်ယှက်မှုများကြားမှ ပွင့်လန်းလာတဲ့ ပန်းကလေးများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖားကန့်မြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ် ဆက်လက်ဖြေဆို

**ဖားကန့် မတ် ၁၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ယနေ့ နံနက်ပိုင်းက ဖွင့်လှစ်ထားရှိသည့် စာစစ်ဌာန နှစ်ခု၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

ဖားကန့်မြို့နယ်၌ စာစစ်ဌာနနှစ်ခု ဖွင့်လှစ်ထားရှိပြီး ယနေ့ အင်္ဂလိပ်စာဘာသာရပ်ကို ဖားကန့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၂၈၄ ဦးနှင့် ကာမိုင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄၈ ဦး စုစုပေါင်း ဖြေဆိုသူ ၄၃၂ ဦးရှိပြီး စာဖြေရာခိုင်နှုန်းမှာ ၈၄ ဒသမ ၇၁ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လျှပ်စစ်သုံး လုပ်ငန်းသုံးယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA NEOMOR D05 အမျိုးအစား လျှပ်စစ်သုံး လုပ်ငန်းသုံးယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ၁၈ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၅၁၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှုဖြစ်

**ဂျိုဟန်နစ္စဘတ် မတ် ၁၈**

**တောင်အာဖရိကသည် ကလေးငယ်များကို နိုင်ငံ့အနာဂတ်အတွက် အရေးကြီးသောအခန်းကဏ္ဍများတွင် ပါဝင်ဆောင်ရွက်မှုများလုပ်ဆောင်နိုင်စေရန် ပြင်ဆင်သည့်အနေဖြင့် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း သမ္မတ ဆိုင်ရယ် ရာမာဖိုဆာက မတ် ၁၇ ရက်တွင် ပြောကြားလိုက်သည်။**



တောင်အာဖရိက စီးပွားရေးမြို့တော်နှင့် အကြီးဆုံးမြို့တော်ဖြစ်သည့် ဂျိုဟန်နစ္စဘတ်တွင် ကျင်းပပြုလုပ်သော Bana Pele 2030 ECD Roadmap Leadership Summit တွင် သမ္မတက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ပညာရေးတွင်သာ ရင်းနှီးမြှုပ်နှံခြင်းမဟုတ်ဘဲ နိုင်ငံစီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ပေးမည့် ကျွမ်းကျင်မှုအမျိုးမျိုးနှင့် စွမ်းရည်အမျိုးမျိုးပြည့်စုံသော မျိုးဆက်သစ်များကို ပုံဖော်ထုဆစ်နေခြင်းလည်းဖြစ်ကြောင်း သမ္မတက ဆက်လက်ပြောကြားသည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကလေးငယ်များကို အောင်မြင်သော အနာဂတ်ကိုပုံဖော်ရာတွင် လိုအပ်သော အခြေခံစွမ်းရည်များကို ဖြည့်ဆည်းပေးလျက်ရှိရုံသာမက မျိုးဆက်တစ်ခုမှ မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းလေ့ရှိသည့် ဆင်းရဲမွဲတေမှု သံသရာစက်ဝိုင်းကိုလည်း ဖျက်ဆီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတက ထပ်လောင်းပြောကြားသည်။

ရှေးဦးအရွယ်ကလေးသူငယ်များသည် အခြေခံစွမ်းရည်များဖြစ်သည့် ဘာသာစကားစွမ်းရည်၊ စာပေစွမ်းရည်နှင့် အတွက်အချက်ဂဏန်းသင်္ချာစွမ်းရည်တို့ ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးတိုးတက်ရေးသည် ကလေးငယ်များကို လူမှုပတ်ဝန်းကျင် အသိုင်းအဝိုင်းအတွက် အပြုသဘောဆောင်သည့် အယူအဆများကို မျှဝေပေးနိုင်မည့် နိုင်ငံ့သားကောင်းများဖြစ်လာရန်လည်း လေ့ကျင့်ပေးရာရောက်ကြောင်း၊ ခိုင်မာအားကောင်းသည့် အခြေခံကောင်းများကို အစောပိုင်းကာလများတွင် ရရှိခဲ့သော ကလေးသူငယ်များသည် ကျောင်းများနှင့် အလုပ်ပတ်ဝန်းကျင်များတွင် ပိုမိုအောင်မြင်နိုင်ခြေရှိပြီး ကျန်းမာရေးစောင့်ရှောက်ရေး၊ ရာဇဝတ်မှုတားဆီးကာကွယ်ရေးနှင့် လူမှုဖူလုံရေးစသည့် နယ်ပယ်ကဏ္ဍများတွင်လည်း အသုံးစရိတ်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သမ္မတက ပြောသည်။

**ဆင်ဟွာ**



# အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် ဂါဇာတွင် လူပေါင်း ၄၀၀ ကျော် သေဆုံးမှုဖြစ်ပွား

**ဂါဇာ မတ် ၁၈**

အစ္စရေးတပ်မတော်၏လေကြောင်းတိုက်ခိုက်မှုများကြောင့် လူပေါင်း ၄၀၀ ကျော် သေဆုံးမှုဖြစ်ပွားကြောင်း ဂါဇာကမ်းမြောင်ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

အစ္စရေးသည် ဇန်နဝါရီလတွင် ပစ်ခတ်တိုက်မှုရပ်စဲရေး သဘောတူညီချက် အသက်ဝင်ခဲ့သော ဂါဇာကမ်းမြောင်ရှိ ဟားမားစ်တို့ကို ပစ်မှတ်ထားကာ မတ် ၁၈ ရက် နံနက်အစောပိုင်းက ကြီးမားသည့် ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့ခြင်း ဖြစ်သည်။ အစ္စရေးက ကျန်ရှိနေသော ဓားစာခံများအား လွှတ်ပေးရေးနှင့် ပတ်သက်ပြီး ဟားမားစ်တို့အပေါ် စစ်ရေးဖိအား တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ဟားမားစ်အဖွဲ့က ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ချိုးဖောက်သည်ဟု အစ္စရေးကို စွပ်စွဲထားကြောင်း သိရသည်။

ဂါဇာ ကျန်းမာရေးအာဏာပိုင်များက လူပေါင်း ၄၀၄ ဦး သေဆုံးပြီး အများအပြားမှာ အပျက်အစီးများ အောက်တွင် ပိတ်မိနေသေးကြောင်း၊သေဆုံးသူအများစုမှာ အမျိုးသမီးများ၊ ကလေးငယ်များနှင့် အသက်ကြီးပိုင်းများဖြစ်ကြောင်း ပြောသည်။ အစ္စရေးတပ်မတော်၏ ဗုံးကြဲတိုက်ခိုက်မှုအတွင်း အစ္စရေးဓားစာခံတစ်ဦး သေဆုံးခဲ့သည်ဟု ဟားမားစ် ခေါင်းဆောင်တစ်ဦး၏ ပြောကြားချက်ကို အရှေ့အလယ်ပိုင်း မီဒီယာတစ်ခုက ကိုးကားဖော်ပြထားသည်။

ပစ်ခတ်တိုက်ခိုက်မှု သက်တမ်းတိုးရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများမှာ ရပ်တန့်လျက်ရှိပြီး အစ္စရေး တပ်မတော်၏ ဒရုန်းများ၊ အခြားသော နည်းလမ်းများဖြင့် ကြားဖြတ်တိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အစ္စရေးတပ်မတော်၏ မတ် ၁၈ ရက်က နောက်ဆုံးပစ်ခတ်တိုက်ခိုက်မှုမှာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု စတင်အသက်ဝင်ပြီးနောက် အကြီးမားဆုံး ပစ်ခတ်တိုက်ခိုက်မှုဖြစ်သည်။

အစ္စရေးသည် မတ် ၂ ရက်မှစတင်ကာ ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဝင်ရောက်မှုကိုလည်း ဆက်လက်ပိတ်ပင်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ဆိုက်ဘာရာဇဝတ်မှုများကို အရှိန်အဟုန်ဖြင့် နှိမ်နင်းပြီးနောက် ထိုင်းနိုင်ငံတွင် ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာကျဆင်း

**ဘန်ကောက် မတ် ၁၈**

ဆိုက်ဘာရာဇဝတ်မှုများကို အရှိန်အဟုန်ဖြင့် နှိမ်နင်းလိုက်ပြီးနောက် ထိုင်းနိုင်ငံတွင် ဖေဖော်ဝါရီလ အစောပိုင်းမှစကာ ဆိုက်ဘာရာဇဝတ်မှုများ သိသိသာသာ ကျဆင်းလာကြောင်း တာဝန်ရှိသူများက မတ် ၁၇ ရက်က ပြောကြားလိုက်သည်။

နယ်စပ်ဒေသများတွင် လျှပ်စစ်မီးဖြတ်တောက်ခြင်း၊ လောင်စာဆီဖြတ်တောက်ခြင်းနှင့် အင်တာနက်လိုင်းများ ဖြတ်တောက်လိုက်ခြင်းအပါအဝင် ထိရောက်သော ဆိုက်ဘာရာဇဝတ်မှုဆိုင်ရာ နှိမ်နင်းမှုများကို ပြုလုပ်ပြီးနောက် ထိုင်းနိုင်ငံတွင် ဆိုက်ဘာရာဇဝတ်မှုဖြစ်ပွားနှုန်း ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း ဒုတိယဝန်ကြီးချုပ် ပရာဆက်ဂျန်တာရာရွှန်းတန်က ပြောကြားလိုက်သည်။

ရာဇဝတ် ပြစ်မှုများတွင် အများဆုံးပါဝင်သော Call center လိမ်လည်မှုပေါင်း ၆၇ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း ပရာဆက်က ပြောကြားခဲ့သည်။

ထိရောက်သော နှိမ်နင်းမှုများ မဆောင်ရွက်မီက တစ်နေ့လျှင် ဆိုက်ဘာရာဇဝတ်မှုပေါင်း ၁၀၀၀ ကျော်အထိ တိုင်ကြားခံရကြောင်းလည်း ၎င်းက ထပ်လောင်းပြောကြားလိုက်သည်။

ဖေဖော်ဝါရီလတစ်လတည်းတွင် ဆိုက်ဘာလိမ်လည်မှုများကြောင့် ဘဏ္ဍာငွေဆုံးရှုံးမှုပေါင်း ဘတ်သန်း ၂၀၀ ခန့် ကျဆင်းခဲ့ကြောင်း အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရာဇဝတ်မှုဆိုင်ရာ ကွန်ရက်များကိုတိုက်ဖျက်ရန် သက်ဆိုင်ရာအာဏာပိုင်များ နီးကပ်စွာပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်းလည်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဆင်ဟွာ**




# အမေရိကန်အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းတွင် သဘာဝဘေးဒုက္ခများခံစားခဲ့ရ

**ဝါရှင်တန် မတ် ၁၈**

လွန်ခဲ့သော သုံးရက်ကျော်ကာလအတွင်း လေဆင်နှာမောင်း၊ သဲမုန်တိုင်းနှင့် တခြားပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များကြောင့် အမေရိကန်အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသရှိ ပြည်နယ်ရှစ်ခုထက်မနည်း သဘာဝဘေးဒုက္ခများကို ခံစားခဲ့ရကြောင်း သက်ဆိုင်ရာပြည်နယ်အာဏာပိုင်များက ပြောသည်။

မတ် ၁၄ ရက်မှ ၁၆ ရက်အထိ လေဆင်နှာမောင်း သတင်းပေးပို့မှု ၈၀ ခန့် ရှိခဲ့ကြောင်းနှင့် ၎င်းတို့အနက် ဒါဇင်အမြောက်အမြား အမှန်တကယ် ဖြစ်ပွားခဲ့ကြောင်း၊ အာကန်ဆက် ဒေသတွင် ဖြစ်ပွားခဲ့သော လေဆင်နှာမောင်းသည် တစ်နာရီလျှင် လေတိုက်နှုန်း မိုင်၁၉၀ အထိရှိကြောင်း အမေရိကန်မိုးလေဝသဌာနက ပြောသည်။

လွန်ခဲ့သော သုံးရက်အတွင်း မစ်ဆောရီပြည်နယ်၌ မုန်တိုင်းနှင့် ဆက်စပ်သေဆုံးသူ ၁၂ ဦး၊ ကန်ဆက်စ်ပြည်နယ်၌ ရှစ်ဦး၊ ထို့အပြင် အခြားပြည်နယ်များ၌ သေဆုံးမှု အများအပြားဖြစ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ကင်ညာနိုင်ငံက ယခုနှစ်တွင် နို့ထွက်ပစ္စည်းထုတ်လုပ်တင်ပို့မှုတိုးမြှင့်သွားရန်မျှော်မှန်း

**နိုင်ရိုဘီ မတ် ၁၈**

ကမ္ဘာ့နို့ထွက်ပစ္စည်းဈေးကွက်တွင် ကင်ညာနိုင်ငံ၏ ရပ်တည်မှု အားကောင်းလာသည်နှင့်အမျှ ကင်ညာနိုင်ငံက ယခုနှစ်တွင် နို့ထွက်ပစ္စည်းထုတ်လုပ်တင်ပို့မှုကို အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅ သန်းခန့်အထိ တိုးမြှင့်သွားရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း မတ် ၁၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အဓိက နိုင်ငံတကာဈေးကွက်များတွင် အရှေ့အလယ်ပိုင်း၊ တောင်ဆူဒန်နှင့် ဆိုမာလီယာနိုင်ငံတို့ပါဝင်ကြောင်း ကင်ညာနိုင်ငံ၏မြို့တော် နိုင်ရိုဘီတွင် နိုင်ငံပိုင် ကင်ညာနို့ထွက်ပစ္စည်းဘုတ်အဖွဲ့ (ကေဒီဘီ) ဥက္ကဋ္ဌ ဂီနီစီယိုမူဂိုက သတင်းထောက်များကို ပြောသည်။ နို့ထွက်ပစ္စည်းများကို ဥရောပသမဂ္ဂသို့ တင်ပို့နိုင်ရန် နိုင်ငံတကာအဆင့် အသိအမှတ်ပြုလက်မှတ်ရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ပြောသည်။

**ဆင်ဟွာ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မတ် ၁၅ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရပ်စောက်မြို့နယ် ဗထူးတပ်နယ်မင်းကြီးသုံးပါး ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၉၇၈၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့အထွက် (၄)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လားရှိုးမြို့မှ တောင်ကြီးမြို့သို့သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၃၂၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA BONGO III Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၄၀၁၀၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၆ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန်အနီး၌ မော်တော်ယာဉ် ၁၈ စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း၂၉ မျိုး၊ လူသုံးကုန်ပစ္စည်း ၁၃ မျိုး၊ စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၈၅၂၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Chenglong Tractor Head ငါးစီး၊ Man Tractor Head သုံးစီး၊ Dong Feng Tractor Head သုံးစီး၊ Nissan Diesel Tractor Head နှစ်စီး၊ Howo Sinotruk Tractor Head တစ်စီး၊ Hino Tractor Head တစ်စီး၊ Volvo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် ၁၆ တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၂၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၅၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan Wingroad မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာအနီး၌ စက်လှေတစ်စင်းပေါ်မှ တရားမဝင် အခြားသစ် ၆ ဒသမ ၇၈၆ တန်နှင့် ဆက်စပ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၈၆၀၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် သစ်သားကိုယ်ထည် စက်လှေတစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၈၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁၂ ဒသမ ၇၂၃ တန်၊ သစ်မာ ၁၂ ဒသမ ၁၈၄ တန်၊ အခြားသစ် ၁၅ ဒသမ ၇၀၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၅၆၈၄၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ပဲခူးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၄၆၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၃၆၄၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မတ် ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၅၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၈၆၅၇၇၄၁ ကို ဖမ်းဆီးရမိခဲ့ပါသည်။ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိခိုက်နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းတို့ ဖြစ်ပေါ်စေပြီး နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း စာစစ်ဌာနအနီးရှိ နေအိမ်များ မီးဘေးလုံခြုံရေးစစ်ဆေး

**တံတားဦး မတ် ၁၈**

တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ယနေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေစဉ်အတွင်း စာစစ်ဌာနအနီးရှိ နေအိမ်များကို မီးဘေးလုံခြုံရေးလုပ်ငန်း ကွင်းဆင်းစစ်ဆေးသည်။

**အကြံပြုဆွေးနွေး**

ထိုသို့ အသိပေးနှိုးဆော်ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်သူအောင် ဦးဆောင်ပြီး တပ်ဖွဲ့ဝင်များနှင့်အတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဖိုများကို သတ်မှတ်ချိန်အတွင်း မီးကို အသုံးပြုကြစေလိုကြောင်း၊ ထို့ပြင် နေအိမ်များတွင် မီးလောင်လွယ်သော လောင်စာများမထားရှိရေး၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကားနှင့် မီးသတ်ဆေးဘူးများ ပြည့်စုံစွာ ထားရှိရေးတို့ကို အကြံပြုဆွေးနွေးစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၆

ဦးကြည်ကျွန် နှင့် ဒေါ်ရင်ရွှေ
တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(၀-၄/၆၂)၊ ၇၁ အနေနှင့် ၇၁ ဘီလမ်းကြား၊ ၁၁၅ လမ်း၊ (က)ရပ်ကွက်နေ ဒေါ်ရင်ရွှေ(ဘ)ဦးရာစက် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဒေါ်ရင်ရွှေ သင့်အပေါ်၌ တရားလို ဦးကြည်ကျွန်က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၈)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀ ဒသမ ၀၅၅) ဧကအကျယ်အဝန်းရှိ ဒေါ်ရင်ရွှေ အမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅-ခုနှစ်၊ မတ်လ ၂၅ ရက် (၁၃၈၆-ခုနှစ်၊ တပေါင်းလဆုတ် ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မလစ်အရှေ့အုပ်စု
လေးထောင့်ကန်-ကျူချောင်းသွားလမ်း ရွှေဗောဓိမိုးကုတ်ဓမ္မရိပ်သာကျောင်းဝိုင်းအတွင်း၌
အများကောင်းမှု ပေါင်းစုပြီး တည်ထားကိုးကွယ်ပူဇော်လျက်ရှိသော အမြင့် (၃၄)ပေ (၉)လက်မရှိ
ပြည့်လုံးချမ်းသာ မုနိသဓာ လာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး
တည်ထားကိုးကွယ်ပူဇော်နေပါ၍
မ, တည် အလျှုရှင် မရှိသေးပါသဖြင့်
လှူဒါန်းပူဇော်နိုင်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
သို့ဖြစ်ပါသောကြောင့် ဘုရားဒါယကာ၊ ဒါယိကာမအဖြစ် ပါဝင်လှူဒါန်းနိုင်ပါရန်
သာသနာရေးအရှည်တွေးပြီး တိုက်တွန်းနှိုးဆော်အပ်ပါသည်။



၁။ ဘုရားကျောင်းဆောင်ဆောက်လှူဒါန်းနိုင်ရန်အတွက် ကျပ်သိန်း (၃၅၀)
၂။ ဆေးနှင့် ရွှေသက်န်းကပ်လှူနိုင်ရန်အတွက် (၂၅) သိန်း
၃။ ဘုရားရင်ပြင်နှင့် ကြွေပြားခင်းလှူဒါန်းနိုင်ရန်အတွက် (၃၀) သိန်း
၄။ ၁၉ လက်မရှိ မျက်လုံးတော် (၁)စုံ (၃၄) သိန်း
၅။ ထာဝရဆိုလာလျှပ်စစ်မီးအတွက် (၂၄) သိန်း
၆။ ဘိလပ်မြေ (၁၀) အိတ်လျှင် ၂၅၀၀၀ဝိ/-
လိုအပ်လျက်ရှိသောဘိလပ်မြေ (၁၀၀)အိတ်
၇။ ရေတွင်း (၁)တွင်းလိုအပ် (၂၅)သိန်း
၈။ လိုအပ်လျှပ်ရှိသော အုတ် (၂၀၀၀) ၆၀၀၀၀ိ/-
၉။ ဘုရားနဖူးတော်ကျောက်စီရန် ၂၀၀၀၀၀ိ/-

ဆက်သွယ်လှူဒါန်းနိုင်ရန်-ရွှေဗောဓိမိုးကုတ်ဓမ္မရိပ်သာကျောင်းဆရာတော် (၀၉ ၂၆၂၉၃၉၅၁၅၊ ၀၉ ၆၇၆၆၄၆၆၄၃) ဦးအောင်ညွန့်တင်၀၉၄၂၅၀၁၄၀၁၀

## ဒေါ်လှသွင်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၉)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၀.၀၅၅၁)ဧက၏ မြောက်ဘက်ခြမ်း(၂၀x၆၀)ပေအကျယ်အဝန်းရှိ ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ် အမှတ်(၃၈၉၁/၂၀၀၅)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်လှသွင်ထံမှ ကျွန်တော်ဦးမောင်ချစ်မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် ဝယ်ယူသူအမည်ပေါက်သည်အထိ သက်ဆိုင်ရာရုံးဌာနတို့တွင် လိုက်လံဆောင်ရွက်ပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၃၁-၃-၂၀၂၅) နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်လှသွင်နှင့် အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

ဦးမောင်ချစ်
အကွက်(ဗဗ-၂/၇၂)၊ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊
မန္တလေးမြို့၊ ဖုန်း-၀၉-၄၃၁၃၂၇၈၄၊ ၀၉-၇၉၅၉၇၇၉၉၉

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ကွင်း/အကွက်အမှတ်(BB/မြနန္ဒာရပ်)၊ ဦးပိုင်အမှတ်(၁၁၈)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဆွေမေဦး ၁၀/မလမ(နိုင်)၁၄၀၃၉၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် ၁/ကျောင်းအရှေ့ရပ်၊ ဦးပိုင်အမှတ်(၁၀၆)၊ မြေဧရိယာ(၀.၀၇၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဇိုဗေဒါ (ခ) ဒေါ်ခင်အေး ၉/မမန(နိုင်)၀၇၇၂၉၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ် ၆/ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ် (၁၆၄-ခ)၊ မြေဧရိယာ ( ၀.၀၃၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန် ( သက်တမ်းတိုး )လျှောက်ထားနိုင်ရေး ဦးဇော်မင်းလတ် (၉/မမန(နိုင်)၀၇၇၂၉၉) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/3152၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာ)

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5P/8851 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားအဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

## အမွေဆက်ခံရန် သက်သေခံလက်မှတ် လျှောက်ထားခြင်း အကြောင်းကြားစာ
## (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)
## အောင်မြေသာစံခရိုင်တရားရုံး
## ၂၀၂၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၄

### ကွယ်လွန်သူ ဦးညီကို(ခ)ဦးညီညီ၏ ကျန်ရစ်သောပစ္စည်းအကြောင်း

ဒေါ်လှတုတ်(ခ)ဒေါ်လှတုပ် **လျှောက်သူ။**

သို့ရာတွင် ယနေ့အချိန်ထိ လိုအပ်သောမြေများကို ပြန်လည်ရရှိခြင်း မရှိသေးသည့်အတွက် ကျွန်ုပ်၏အမှုသည်ထံမှ မြေကွက်များကို တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ကြိုတင်ဝယ်ယူသူများထံသို့ ယနေ့အချိန်အထိ လက်ရောက် ပေးအပ်နိုင်ခြင်းမရှိဘဲ ပျက်ကွက်နေရခြင်းဖြစ်ပါသည်။ ထိုသို့ပျက်ကွက်နေရခြင်း မှာလည်း မြေကွက်ရှိပါလျက်နှင့် ပေးအပ်ရန် တမင်ပျက်ကွက်ခဲ့ခြင်းမဟုတ် သလို အမှန်တကယ်ခွင့်ပြုမိန့်တွင်(၁၀)ဧကမရရှိဘဲ မြေကွက်များကို(၁၀)ဧက အကွက် ရိုက်ပြီးရောင်းချခဲ့၍ မြေကွက်မအပ်နိုင်ခြင်းမျိုးမဟုတ်ဘဲ ယခုကဲ့သို့ မြေလျော့ နည်းနေသည့် ပြဿနာကြောင့် သဘောရိုးပျက်ကွက်ခဲ့ရခြင်းဖြစ်ပါသည်။ ထိုသို့ပျက်ကွက်မှုအပေါ် လူကြီးမင်းတို့အား ကျွန်ုပ်၏အမှုသည်ဘက်မှ တောင်းပန် စကား ပြောကြားလိုပါသည်။

သို့ရာတွင် ကျွန်ုပ်၏အမှုသည်ဘက်မှ လိုအပ်သောမြေများကို အမြန်ဆုံး ပြန်လည်ရရှိနိုင်ရေးအတွက် ယနေ့အချိန်အထိ သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ တင်ပြအရေးဆိုလျက်ရှိပါသည်။ ထို့ကြောင့် လိုအပ်သောမြေများ ပြန်လည်ရရှိပါက အမြန်ဆုံးအကွက်ဖော်ပြီး ဝယ်ယူသူ လူကြီးမင်းတို့ထံသို့ မြေကွက်ကို လက်ရောက် ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် အကယ်၍ လူကြီးမင်းတို့အနေဖြင့် အချိန် ကြာမြင့်နေမှုအပေါ် ဆက်လက်စောင့်ဆိုင်း မနေလိုတော့လျှင်လည်း ကျွန်ုပ်၏ အမှုသည်ထံသို့ လူကြီးမင်းတို့ကိုယ်တိုင် ဆက်သွယ်ပြီး လာရောက်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ပါကြောင်း၊ ကျွန်ုပ်၏ အမှုသည်ထံမှ မြေကွက်များကို တိုက်ရိုက် (သို့မဟုတ်) တစ်ဆင့် ကြိုတင်ဝယ်ယူ ထားကြသူများနှင့် အများသိစေရန် ကြေညာ အပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုင်းဆမ်သန်း** | **ဦးအောင်နိုင်စိုး(LL.B,D.B.L,DIL)** |
| **၁၃/တကန(နိုင်)၀၂၄၈၆၆** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၉၄၄၉)** |
| **အမှတ်(၁/၂)၊ သဇင်မြိုင်ကွက်သစ်၊** | **အမှတ်(၉/၄၆၅)၊ ဂေါက်ကွင်းလမ်း၊** |
| **ဆန်ဆိုင်း(ခ)ရပ်ကွက်၊ တာချီလိတ်မြို့** | **ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့** |
| **ဖုန်း-၀၉-၅၂၄၁၀၆၀** | **ဖုန်း-၀၉-၄၃၁၈၃၀၂၈** |

## မှတ်ပုံတင်စိုက်ပျိုးရေးဆေးများလွှဲပြောင်းဖြန့်ဖြူးခြင်း

ပြည်ပထုတ်လုပ်သူ Shandong Weifang Rainbow Chemical Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် RAINBOW AGROSCIENCES CO.,LTD မှ Agroterrum Myanmar Co., Ltd သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|
| ၁။ | ခရိုး ၂၄၀ အက်(စ်)စီ | Chlorfenapyr 240g/L SC | P2022-5708 |
| ၂။ | နီမိတ ၂၀ အက်(စ်)ပီ | Acetamiprid 20% SP | P2022-5707 |
| ၃။ | ပရိုက်(ဓ်) ၅၀ အီးစီ | Emamectin Benzoate 50g/L EC | P2022-5906 |
| ၄။ | ကလင်း(န်)စပရေး ၉၆ အက်(စ်)ဂျီ | 2,4-D Dimethyl Amine Salt 96% SG | F2020-2510 |
| ၅။ | ဒိုင်ဖရီး ၂၅၀ အီးစီ | Difenoconazole 250g/L EC | P2022-5706 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အင်းစိန်မြို့သို့ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ရိမ်းဘိုးအာဂရိဆိုင်းရန်ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၄၅၆၀၆၀၁၆၀၊ ၀၉-၄၅၁၁၇၀၁၇၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ရယ်ဒမ်းဝမ်နန် ၁/မခဘ(နိုင်)၀၀၁၃၁၄ ၏ ပတ်စ်ပို့နံပါတ် (MA-296028) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၉၉၄၆၉၄၆**

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၂) ကျောင်း၊ Grade-11 မှ မဆုမြတ်ချယ်နှင့် Grade-7 မှ မောင်ကောင်းမြတ်သူတို့၏ ဖခင် အမည်မှန်မှာ ဦးဇော်မင်းထွန်း ၁/မကန (နိုင်) ၀၈၅၈၃၇ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဟာဆီး၏သား မြစ်ကြီးနားမြို့၊ အလက(လယ်ကုန်း-၄) ကျောင်း၊ Grade-2(A) မှ မောင်နေရောင်အား မောင်ငွါးဆာလီ ဟု ပြောင်းလဲ ခေါ်ပါရန်။

**မောင်ငွါးဆာလီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပ ရပ်ကွက်မှ မြေရေိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးဦးဟန် ၁၃/ကလတ(နိုင်)၀၀၂၀၇၇ (ဘ)ဦးစောမောင်ထွန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၁၈၈၇)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ် လွှဲစာအမှတ် ၃၆၇၁/၂၀၂၃ (၂-၁၀-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သက်သက်ခင် ၉/မထလ(နိုင်)၀၄၅၆၃၃ (ဘ) ဦးခင်မောင်မှ ဒေါ်ချိုချိုရီ ၉/မနမ(နိုင်)၀၃၇၈၀၄ နှင့် မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက် ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင် ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ် နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်နှင့်ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ နယ်မြေ(၁၂)၊ အမှတ်(၆၉)နေ မငွါးဆာနာ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၆-၂၀၀၈ ဖြစ်ပြီး၎င်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဝင်း ၆/မအရ(နိုင်) ၀၈၅၉၉၅ ဖြစ်ပါသည်။

## မွေးသက္ကရာဇ်နှင့်ဖခင်အမည်မှန်

ကျိုင်းတုံမြို့၊ Zion ကိုယ်ပိုင် အထက်တန်းဆင့်သင်ကျောင်း၊ Grade-12 မှ မမိုးပွင့်ဖြူ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၄-၂၀၀၇ ဖြစ်ပါကြောင်းနှင့် ၎င်း၏ ဖခင် အမည်မှန်မှာ ဦးမောရှည် ၁၃/ကတန(နိုင်)၀၈၈၁၃၇ ဖြစ်ပါကြောင်း။

## အကြင်လင်မယားအဖြစ်မှတရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ)ဦးမောင်ကြည်၏သား ဦးဇော်ရဲမွန် ၁/မကတ(နိုင်)၀၆၇၂၈၂ နှင့် (ဘ)ဦးစိုးလှိုင်၏သမီး ဒေါ်နွယ်နွယ်စိုးလှိုင် ၁၂/အစန(နိုင်)၁၉၂၉၂၄ တို့သည် ၂၂-၂-၂၀၂၅ ရက်တွင် သက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင် လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီး သည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးကိုယ်ရေး ကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျှင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ယုဆွေ အထက်တန်းရှေ့နေ(စဥ်-၅၀၃၆၇)**
**ဖုန်း-၀၉-၇၅၉၀၆၈၇၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီး ရပ်ကွက်၊ နယ်မြေ(၄)၊ အမှတ် (၁၉၆/က)နေ မမေရီရွှယ်အောင်၏ ဖခင် ဦးဆဘာလ(ခ) ဦးလဆမ် ၁/တနန(နိုင်) ၀၂၀၃၁၇ သည် တစ်ဦးတည်း ဖြစ်ပြီး မိခင်ဒေါ်အွမ်လုဂျာ(ခ) ဒေါ်လုဂျာ ၁/တနန(နိုင်) ၀၂၀၅၆၀ သည် တစ်ဦးတည်း ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(ဇ-၄၀၀၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်မို့မို့မြင့်ရှိန် (ဘ)ဦးတင်ရှိန် ၉/ပမန(နိုင်)၁၉၄၅၀၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေး ကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီးဦးကျော်မိုးထွန်း (ဘ) ဦးလှထွန်း ၅/မရန(နိုင်)၁၂၈၅၉၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပျောက်ဆုံးကြောင်း

မုံရွာမြို့၊ မြို့သစ်ရပ်နေ (ဘ) ဦးသန်းဆွေ၏သမီး မမြင့်သိင်္ဂီဆွေ ၅/မရန(နိုင်)၁၉၁၆၀၇၏ နိုင်ငံကူးလက်မှတ် (M-146458) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၄၀၀၂၃၁၁**

## အမည်ပြောင်း

ပုသိမ်မြို့၊ Excellent private Grade-3 Coral မှ ဦးအောင်ကျော်စိုး၏ သား မောင်တိမ်ယံဆက်အား ယနေ့မှ စ၍ မောင်ဟိန်းဇေယျာ အောင်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းဇေယျာအောင်**

## လုပ်ငန်းအမှတ်တံဆိပ်မှတ်ပုံတင်သွင်းပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

BIG A RETAIL CHAIN STORE

အထက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်သည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အမှတ် (၉၃၁/၇၆) နေ ဒေါ်နန်းရွှေရည်ထက် ၁၂/အစန(နိုင်) ၂၃၂၃၇၃ မှ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၁၉) ရက်တွင် ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၌ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စာချုပ်အမှတ် (၄/၁၀၂၇၉) ဖြင့်၊ မှတ်ပုံတင်သွင်း ပြီးစီးခဲ့ပြီးဖြစ်ပါ၍ အထက်ပါလုပ်ငန်းအမှတ်တံဆိပ်ကို အသုံးပြု၍ အိမ်သုံးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ လူသုံးကုန်ပစ္စည်းများရောင်းဝယ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် သုတ်ဆေးများ ရောင်းဝယ်ခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းဝယ်ခြင်း၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ အထည်အလိပ်နှင့် အဝတ်အထည်များ ရောင်းဝယ်ခြင်း၊ စက္ကူ၊ စာရေးကိရိယာနှင့်ဓာတ်ပုံပစ္စည်းများရောင်းဝယ်ခြင်း၊ ရုံးသုံးပစ္စည်းနှင့် ပညာရေးအထောက် အကူပစ္စည်းများ ရောင်းဝယ်ခြင်း၊ ကြော်ငြာနှင့်ကြော်ငြာကိုယ်စားလှယ်လုပ်ငန်းများ၊ ဆေးဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ပစ္စည်းပို့ဆောင်ရေးလုပ်ငန်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း အစရှိသည့် လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဆိုင်ခန်းများ၊ ဆိုင်ခွဲများ၊ ရုံးခန်းများဖွင့်လှစ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။ မူလပိုင်ရှင် ဒေါ်နန်းရွှေရည်ထက် ၁၂/အစန (နိုင်) ၂၃၂၃၇၃)၏ ခွင့်ပြုချက်မရရှိဘဲ မည်သူမဆို အတုအပသော်လည်းကောင်း၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ အထက်ပါလုပ်ငန်းအမှတ်တံဆိပ်၏ အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူ၊ ပုံမှား ဆင်တူယိုးမှား ပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် ယခုတားမြစ်ချက်အား လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၈၇၉၂/၂၀၂၃)**
**တိုက် - ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၂၀၀၉၇၀၇၃**

## အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၅၇/ဘီ)ရှိ အလျား ပေ(၂၂.၁/၂x၇၁) အကျယ်ရှိ မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အားဒေါ်မြမြသန်း ၁၂/ကမတ (နိုင်)၀၂၆၁၄၃မှဝယ်ယူပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ကြောင်း ဒေါ်မြမြသန်းအား အသိပေးခြင်းမရှိဘဲ အဆိုပါမြေကွက်အား ရောင်းချခြင်း ၊ပေါင်နှံခြင်း၊ကျူးကျော်ဝင်ရောက်ခြင်း၊မပြုလုပ်ကြရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြမြသန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပန်းမွှေး(စဉ်၁၆၃၉၇)**
**(တရားလွှတ်တော်ရှေ့နေ)**
**တိုက်(၄)အခန်း(၃၁)၊ မြို့ပြအိမ်ရာတောင်ဘက်ခြမ်း(၈)မိုင်၊ မီးပွိုင့်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၇၅၅၅၂၁၁၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၅၃)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ် (၄၉၉/ခ) ခေါ်တွင်သည့် အကျယ်အဝန်း ပေ(၂၀x ၆၀) ထဲမှ ခေါင်းရင်းခြမ်း ပေ(၁၀x ၆၀) မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ပိုင်ဆိုင်သည့် ရောင်းချသူ ဒေါ်ကေခိုင်ဝင်း ၁၂/ဥကတ(နိုင်) ၁၉၃၄၁၀ ထံမှ ကျွန်ုပ် မဆုလဲ့နိုင် ၁၂/ဒပန(နိုင်)၀၆၁၉၃၉ နှင့် ညီမ မမိုးမိုးဆန်း ၁၂/ဒပန (နိုင်)၀၆၁၉၄၀တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ဝယ်ယူသူ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**၁။ မဆုလဲ့နိုင် ၂။ မမိုးမိုးဆန်း**
**အမှတ်-၇၃၁၊ ဝေဇယန္တာ(၁၇)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်**
**ဖုန်း-၀၉ -၇၉၇၆၅၅၁၈၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိတပ်ကြပ်ဌေးအောင်(ကိုယ်ပိုင်အမှတ်၈၆၂၇၉၇)၊ ၇/ပခန (နိုင်)၀၄၂၆၅၇ (ဘ) ဦးမောင်မောင်အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င) ၁၅၆၅ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်နုနုဝင်း ၁၂/သကတ(နိုင်)၀၂၇၃၅၀ (ဘ) ဦးစိန်လွင် မှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆို ချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ဌေးအောင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၅၁၂)၊ မြေဧရိယာ၀ ဒသမ ၀၈၂ကေရှိ ဦးမောင်ငယ် (ဘ)ဦးအောင်မြင့် ၉/လဝန (နိုင်)၀၅၇၂၉၂ အမည်ပေါက်(ပါမစ်)မြေကွက်အား အမည်ပေါက်ဖြစ်သူ ဦးမောင်ငယ် သေဆုံးသွားပါသဖြင့် ၎င်း၏ တရားဝင်တစ်ဦးတည်း ဇနီးဖြစ်သူ ဒေါ်စောရီ(ဘ) ဦးရွှေဝိုင်း ၉/လဝန(နိုင်)၀၅၇၂၉၃မှ မြေပေးမိန့်မူရင်း၊ ကျမ်းကျိန်လွှာ (မှတ်ပုံတင်) မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း အကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) မိုးညှင်းခရိုင်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃

**ကွယ်လွန်သူ ဦးသောင်းဆီး ၏ ကျန်ရစ်သောပစ္စည်းများအကြောင်း**

ဦးသောင်းဝူ **လျှောက်ထားသူ**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့၊ ဆိပ်မူကျေးရွာ၊ မော်ရှန်ရပ်ကွက် ၁/D8၊ ရပ်နေ ဦးသောင်းဝူ က ကွယ်လွန်သူ ဦးသောင်းဆီး ၏ ညီ ဖြစ်သည်ဟူ၍ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ ဖားကန့်မြို့၊ ဆိပ်မူကျေးရွာ၊ မော်ရှန်ရပ်ကွက် ၁/D8နေ ၎င်းကွယ်လွန်သူ ဦးသောင်းဆီးမှာ ကျန်ရစ်သော ပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသောင်းဆီးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၄ ရက် (၁၃၈၆ ခုနှစ်၊တန်ခူးလဆန်း ၇ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးသောင်းဝူ ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ် ရသင့်၊ မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီတာအောင်)**
**ခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -(သကမ-၁၇/၃၄)၊ မြေကွက်အမှတ်-(၁၄၃၈-ခ)၊ အကျယ်အဝန်း ပေ(၂၀x၆၀)ရှိ (အရပ်အခေါ် အမှတ်(၁၄၃၈-ခ)၊ ဝိဇ္ဇာညီနောင်လမ်း၊ ၂၀-ရပ်ကွက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော ဦးရဲလွင် အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဇေယျာဖြိုး ၁၁/မပန (နိုင်) ၁၂၃၈၉၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်၊ စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် - ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ သဇင်(၄) လမ်း၊ မြေကွက်ကြီးအမှတ်၈/၃၊ မြေကွက်ငယ်အမှတ်A-10၊ ဦးလှဌေးအမည်ပေါက် မြေကွက်၏ဧရိယာပေ(၄၀x ၆၀)ရှိမြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်ထွန်း ၁၂/သကတ(နိုင်)၁၃၆၇၇၆ထံမှ ဦးထွန်းဝေလင်း၁၂/ လကန (နိုင်)၁၆၅၀၂၉က အပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အပြည့်အစုံဖြင့် ယခုသတင်းစာကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက် နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးမမ(စဉ်-၁၃၆၂၈)**
**တရားလွှတ်တော်ရှေ့နေ**
**ဈ/၁၁၅၊ ကုန်သည်လမ်း၊ ဈေးကြီးရပ်ကွက်၊**
**လှည်းကူးမြို့၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၆၇၁၈၈၅၆၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀) မြစ်ကြီးနားမြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

ဒေါ်ထုနန် နှင့် ဦးလီယန်လ
(တရားလို) (တရားပြိုင်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်(ဆွတ်ငိုင်တောင်)၊ အမှတ်(၁၆၂)နေ တရားပြိုင်ဖြစ်သည့် ဦးလီယန်လ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ထုနန်က အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဥ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ သို့တည်း မဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၁ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရန်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းပွင့်ဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ မြေကွက်အမှတ်-(၈၁၀)၊ အကျယ်အဝန်းပေ ( ၄၀ x ၆၀ ) ပေ ၊ ဧရိယာ ၀ ဒသမ ၀၅၅ကေရှိ (အရပ်အခေါ် အမှတ် (၈၁၀)၊ နတ်ရေကန် (၁) လမ်း၊ ၃၅-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်) ဟု ခေါ်တွင်သော ဒေါ်ခင်အုန်းမြင့် ၁၂/ကမရ(နိုင်)၀၁၂၆၃၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား အမည်ပေါက်မိခင်နှင့်ဖခင်တို့ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် သားအရင်းများဖြစ်သော မိမိတို့ သားအရင်း(၂)ဦးသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ သားအရင်းများဖြစ်သော (၁)ဦးတင်ထွန်းဦး ၁၂/ကမရ (နိုင်) ၀၁၂၁၆၂- (၂) ဦးလွင်ထွန်းဦး ၁၂ /ကမရ (နိုင်)၀၁၂၁၁၂ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း အထက်ပါ အိမ်ခြံမြေနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်၊ စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီး မြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ (LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက် - ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ် ၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ဥက္ကံ၊ ဦးပိုင်အမှတ်(၃ဆ)၊ ဧရိယာ ၀ ဒသမ ၀၂၈ကေရှိ အဘွလ်ဟိုစိန် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်တင်တင်ဌေး ၉/ပမန(နိုင်)၀၅၄၉၄၄ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သရက်တော၊ မန္တလေးရပ်ကွက်၊ အမှတ် (၁/၄)နေ ဒေါ်သွဲ့ကျော်သူ ၁၀/မလမ(နိုင်)၁၉၉၄၆၁ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ တောင်ပေါ်တန်းလမ်း၊ အမှတ်(၂၇)ဟုခေါ်တွင်သော မြေချိန်ဧရိယာ ၀ ဒသမ ၀၃၈ကေရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အား ရောင်းချပိုင်ခွင့်ရှိသူ ဦးမင်းဆွေ ၁၀/မလမ(နိုင်)၁၀၉၄၇၀မှ ပိုင်ဆိုင်ကြောင်း အထောက်အထား မူရင်းများပြသ သဖြင့် ၎င်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး အပြီးအပိုင် ဝယ်ယူမည်ဖြစ်ပါ၍ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ဒေါ်သွဲ့ကျော်သူထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်သွဲ့ကျော်သူ**
**၁၀/မလမ(နိုင်)၁၉၉၄၆၁**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့၊ အောင်ဆန်းရပ်ကွက်၊ မကျီးကုန်းရပ်နေ ဒေါ်ယဉ်ယဉ်နု ၉/မထလ(နိုင်) ၁၅၈၅၅၅၏ ဖခင်ဦးစံကြည်(ခ) ဦးလွင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစံကြည်(ခ) ဦးလွင်မောင်**

## ပတ်စ်ပို့ပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဒေါ်သက်သက်မြိုင် ၁၂/ရကန(နိုင်)၀၅၄၃၆၁၏ ပတ်စ်ပို့နံပါတ် MF197439 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၂၉၂၃၅၄**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်၊ ကွက်သစ်ရပ်နေ ဦးဝင်းဌေး၏ သမီး မဌေးဌေးအောင် ၅/ဒပယ(နိုင်) ၀၈၆၈၄၆နှင့် မအမလီယာဝင်းဌေး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မဌေးဌေးအောင် (ခ)**
**မအမလီယာဝင်းဌေး**

## ပျောက်ဆုံးကြောင်း

ကလေးမြို့၊ ကံကြီးရွာနေ ဦးအုံးပု၏သမီး မမေရီဖူး ၅/ကလထ (နိုင်)၂၄၀၇၃၀၏ နိုင်ငံကူးလက်မှတ် MG-554071 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၄၀၁၆၆၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/91026 Yunale 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆွေတင် ၅/အရတ(နိုင်) ၀၅၀၁၀၃မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန(မုံရွာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1A/4754 HINO TE11 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ကြည် ၆/ကသန(နိုင်)၀၀၈၅၁၇ က (ကမ-၃) ပျောက်ဆုံးသဖြင့် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကော့သောင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/2504 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါ သဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန(ရွာသာကြီး)**

## မီးသတိပြု

## ဦးဝိန်အေး
**(အငြိမ်းစားညွှန်ကြားရေးမှူး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန)**
**အသက် (၇၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ ၁၂လမ်း၊ အိမ်အမှတ်(၂၄၅)နေ (ဦးဝါမွန်း-ဒေါ်ထွေးစိန်) တို့၏သား၊ (ဦးဘသောင်း-ဒေါ်ခင်မြ) တို့၏သားသမက်၊ ဒေါ်လှလှသောင်း၊ ဒဿနိကဗေဒဌာန ၏ခင်ပွန်း၊ ဦးဝိန်အေး သည် ၁၇-၃-၂၀၂၅ ရက် ည ၇:၅၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၉-၃-၂၀၂၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၉:၃၀ နာရီ ထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာရန် ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဗိုလ်မှူး ဝင်းဟန်ဦး(ငြိမ်း)
**စစ်တက္ကသိုလ် အပတ်စဉ်(၃၄)**
**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ရွှေပြည်သာ(၁)လမ်း၊ အမှတ်(၄၈)နေ ဦးအေးဟန်-ဒေါ်ဝင်းမြင့် တို့၏ သားကြီး၊ (ဦးအောင်မြင့်-ဒေါ်ရီရီမြင့်) တို့၏သားသမက်၊ ဒေါ်ရွှေစင်အေးဟန်၊ ဦးကျော်မိုးထွန်း-ဒေါ်စကားဝါအေးဟန်၊ ဦးဟန်လင်းထူးတို့၏ အစ်ကိုကြီး၊ အရှင်သုပေသလင်္ကာရ ၏ခမည်းတော်၊ မရွှေရည်မွန်၏ မွေးသဖခင်ကျေးဇူးရှင် ဒေါက်တာအေးအေးဝင်း ၏ ချစ်လှစွာသော ခင်ပွန်း ဗိုလ်မှူး ဝင်းဟန်ဦး(ငြိမ်း) သည် ၁၈-၃-၂၀၂၅ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၅ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန် ခန်းမဆောင်အသစ်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၃-၂၀၂၅ ရက် နံနက် ၉ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ် ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

စစ်တက္ကသိုလ် အပတ်စဉ်(၃၄)မှ သူငယ်ချင်း ဗိုလ်မှူးဝင်းဟန်ဦး (ငြိမ်း) အသက်(၅၅)နှစ်သည် ၁၈-၃-၂၀၂၅ရက် နံနက် ၁၁နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃၄)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် အမွေခံစားခွင့်မရနိုင်တော့ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ကြည့်မြင်တိုင်မြို့နယ်၊သရက်တောမြောက်ရပ်ကွက်၊ သရက်တော(၁)လမ်း၊ အိမ်အမှတ်(၁)နေ (ဘ)ဦးအောင်နိုင်(ကွယ်လွန်) ၁၂/ကမတ(နိုင်)၀၃၉၂၅၈နှင့် (မိခင်)ဒေါ်သိန်းရီ ၁၂/ကမတ(နိုင်)၀၃၉၂၅၉တို့၏သားဖြစ်သူ မောင်ဇေယျာနိုင် ၁၂/ကမတ(နိုင်)၀၅၇၃၃၉ သည် မိခင်နှင့်ဆွေမျိုးသားချင်းများအား အမျိုးမျိုးအရှက်တကွဲနှင့် စိတ်အနှောင့်အယှက်ပေးသည့်အပြင် ခွင့်မလွှတ်နိုင်သော အပြုအမူဆိုးများကို ဆောင်ရွက်သဖြင့် သွာနုတ္တ(သမာနုတ္တာ) သားဖြစ်ကြောင်းနှင့်(အမွေခံစားခွင့်)တစ်စုံတစ်ရာမရနိုင်တော့ကြောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သိန်းရီ** | **ဦးသောင်းရွှေ** |
| **၁၂/ကမတ(နိုင်)၀၃၉၂၅၉** | **(LL.B, D.B.L., D.M.L., D.I.L)** |
| | **Dip. in Global English** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၉၁)** |
| | **အမှတ်(၁)၊ မြေညီထပ်၊ ၃၄လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း-၀၉-၅၁၄၂၂၉၈** |

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ နောက်လယ်ရပ်ကွက်၊ အကွက်အမှတ်-၂၆(က) နောက်လယ်ကွင်း၊ မြေကွက်အမှတ်(၃၃)၊ မြေရီယာ(၀ဒသမ၀၃၉)ကေ အား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၃-၂-၂၀၂၅)ရက်စွဲပါစာအမှတ် ၀၃၄၀/၁/၄-၁၁/ခစဖ(မြိတ်)အရ ဒေါ်အင်ဝါ(ခ)ဒေါ်အင်ကြူ အမည်ဖြင့် ယာယီမြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါ မြေနေရာအား မြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဒေါ်အင်ဝါ(ခ)ဒေါ်အင်ကြူ ၆/ကသန (နိုင်)၀၀၅၄၇၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

## ဦးစိုးနိုင်(2nd Officer)
**အသက် (၅၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ခရေလမ်းအမှတ် (B-5)နေ (ဦးသန်းဟန်)-ဒေါ်လှမြိုင် တို့၏သားလတ်၊ ဒေါ်တင်မာဝင်း-ဦးမောင်မောင်သွင်၊ (ဦးသက်နိုင်)-ဒေါ်ခင်မိမိလေး ၏မောင်၊ ကိုဝင်းချို-ဒေါ်ယဉ်ယဉ်ထွေး၊ ဦးဇော်မင်း၊ ဒေါ်တိုးတိုးရည်-ဦးမော်ဝင်း တို့၏အစ်ကို၊ တူ၊ တူမ (၅)ယောက်တို့၏ ဘကြီးဖြစ်သူ ဦးစိုးနိုင်သည် ၁၈-၃-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၀၅:၁၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၃-၂၀၂၅ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်ဖြစ်၍ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေများအား ဝမ်းနည်းစွာ အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးနီဇော်လှိုင်
**(ဦးစီးအရာရှိ၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန)**
**ဖျာပုံမြို့**
**အသက်(၅၀)နှစ်**

ပဲခူးမြို့၊ အမှတ်(၁၁၇၇)၊ ဆိုရှယ်လစ်(၈)လမ်း၊ ရှင်စောပုရပ်ကွက်နေ ဦးစိန်လှိုင် (စိန်လှိုင်ဗိုလ်) (တရားလွှတ်တော်ရှေ့နေ)-(ဒေါ်ခင်သန်းမြင့်)တို့၏ သား၊ ဦးစိုးလွင် (လက်ထောက်စက်ရုံမှူး၊ စစ်ကိုင်း)-ဒေါ်ခင်စုလှိုင်တို့၏ မောင်၊ ဦးကျော်သူရ-(ဒေါ်အေးအိလှိုင်)တို့၏ အစ်ကို၊ ဒေါ်ဇင်မာလွင် (စုံစမ်းရေးမှူး၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့)၏ ခင်ပွန်းသည် ၁၈-၃-၂၀၂၅ (အင်္ဂါနေ့) နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် တပ်မတော်စစ်သင်္ချိုင်း၊ မင်္ဂလာဒုံ၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပဲခူးခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉**

| | | |
|---|---|---|
| ၁။ဦးလင်းဇော်ဟိန်း | နှင့် | ဦးကျော်မြင့် |
| ၂။ ဒေါ်ယဉ်ဝင်းဖြူ | | |
| **တရားလိုများ** | | **တရားပြိုင်** |

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၆)၊ မြေတိုင်း(၁၈)၊ အမှတ် (၁၁၂)နေ ဦးကျော်မြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးလင်းဇော်ဟိန်းပါ-၂ဦးတို့က အိမ်နှင့်မြေကွက် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ် လ ၃၁ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၂၃၈) တဖက္ကာကွင်း၊ ဦးပိုင်အမှတ်(၂၉၇)၊ မြေရီယာ(၀ဒသမ၀၅၅)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၁၄၂/၂၀၂၂-၂၀၂၃အရ ဗိုလ်မှူးကြီးတင်ဦး အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်မို့မို့အေး ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၇/၂၀၂၅)ဖြင့် ဦးသူရလင်း၊ဒေါ်သီသီဝင်း တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးသူရလင်း ၆/မအရ(နိုင်) ၀၉၉၈၇၉၊ ဒေါ်သီသီဝင်း ၆/မအရ(နိုင်)၁၀၀၀၇၇ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်-၁(ခ)ကန်ကြီးကွင်း၊ ဦးပိုင်အမှတ်(ခ/၆/(ခ)၊ မြေရီယာ(၀ဒသမ၂၁၈)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၈၉/၂၀၁၃-၂၀၁၄အရ ဦးစိုက်ရာ အမည်ဖြင့် ရရှိခဲ့ပြီး ဦးစိုက်ရာထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၁/၂၀၂၄)ဖြင့် ဦးဝင်းလွင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးဝင်းလွင် ၁၂/လမတ(နိုင်)၀၁၄၉၆၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## ဗိုလ်မှူးခင်မောင်ဝင်း (ခ) DAVID
**(ဗန်းမော်)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ငြိမ်း)**
**အသက် (၈၂)နှစ်**

(ဦးအီဇရာ-ဒေါ်ခမ်းမြင့်)တို့၏ သား၊ (နော်အယ်ဒီးနာဝင်း)၊ ဒေါ်အယ်လ်နန်တောင်တို့၏ ခင်ပွန်း၊ နော်သီတာဝင်း၊ စောဝင်းခိုင်၊ (စောဝင်းနိုင်)၊ နော်ကြည်မာဝင်း၊ စောဝင်းပိုင်၊ စောဝင်းမြိုင်တို့၏ ဖခင်၊ မဝင်းရွှေရည်ဦး၊ နော်အောနယ်လူလူဝင်း၊ မောင်ရင်ဂို၊ နော်ယုနစ်(ခ်)ဝင်းမြိုင်တို့၏ အဘိုး၊ အမှတ်(C-79)၊ ငလုံးလက်ဖယ်လမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့နယ်နေ ဦးခင်မောင်ဝင်း (ခ) DAVIDသည် ၁၈-၃-၂၀၂၅(အင်္ဂါနေ့) နံနက် ၅:၂၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် သန်လျင်ကျောက်ရေတွင်း၊ မြန်မာနှစ်ခြင်းအသင်းတော်၌ နောက်ဆုံးပြုအပ်သောဝတ်ပြုကိုးကွယ်ခြင်းအမှုပြုလုပ်ပြီး သန်လျင်အမိုးနီဥယျာဉ်တော်၌ ကြွင်းကျန်ရစ်သောရုပ်ခန္ဓာကို မြေသို့အပ်နှံသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းမြင့်
**အသက် (၉၀)နှစ်**

ရန်ကုန်မြို့၊ ခြံအမှတ် (၄)၊ အေးရိပ်မွန် (၁)လမ်း၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးတင်မောင်-ဒေါ်အေးတင်)တို့၏ သမီး၊ (ဦးမောင်စိန်)၏ ဇနီး၊ ဒေါ်ခင်အေးဝေ-ဦးခင်ဇော်၊ (ဦးစိန်ကြိုင်-ဒေါ်သန်းသန်းမြင့်)၊ ဒေါ်မေရီ-Mr.ဝါတာရူးသဟာရ (ဂျပန်)၊ ဒေါ်ခင်အေးမေ (ပါမောက္ခ-ငြိမ်း၊ ဓာတုဗေဒဌာန)၊ ဒေါ်ညွှန့်ညွှန့် (မူ/ပြ-ငြိမ်း၊ TTC)တို့၏ မိခင်၊ မောင်ကျော်ကျော်၊ မမော်မော်ကြိုင်-မောင်ရဲသွေးသန့်စင် (ဘုရင်မကားအလှဆင်)၊ မခင်ခင်ကျော် (ဘုရင်မကားအလှဆင်)၊ ဒေါက်တာချိုနိုင်ထွန်း(ပူတာအို)၊ ဟီကားရူး(ဂျပန်)တို့၏ အဘွား၊ မောင်သက်တန့်ကြည်စိန်၊ မထည်ဝါသန့်စင်ကြိုင်တို့၏ ဘွားဘွားကြီး သည် ၁၇-၃-၂၀၂၅ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ဘဝတစ်ပါးပြောင်းရွှေ့ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၉-၃-၂၀၂၅ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပဲခူးခရိုင်တရားရုံးတော်**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၀**

| | | |
|---|---|---|
| ဒေါ်ယုယုအောင် | နှင့် | ဦးအောင်ဆန်းဝင်း |
| **တရားလို** | | **တရားပြိုင်** |

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်း(၁၄)၊ အမှတ် (၁၆၈)နေ ဦးအောင်ဆန်းဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဒေါ်ယုယုအောင် က မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ် လ ၃၁ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

---

## အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

(၁၇-၃-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၂၇) တွင်ပါရှိသော တရားလွှတ်တော်ရှေ့နေများဖြစ်သည့် ဦးရဲရင့်နိုင် နှင့် ဒေါ်ကေခိုင်ညွှန့် တို့၏ အများသိစေရန် ကြေညာချက်တွင်ပါရှိသော ဒေါ်ဝါဝါလှိုင် သည် (၁၅-၃-၂၀၂၅)ရက်တွင် ဦးရဲထွန်းအောင်နှင့်အတူ နေထိုင်သည့်နေအိမ်မှ ပြင်ပသို့သွားလာစဉ် ရွှေထည်များ၊ တန်ဖိုးကြီး ကျောက်မျက်ရတနာပစ္စည်းများ၊ နေအိမ်ဝယ်ယူထားသည့်စာချုပ်စာတမ်းများ နှင့်အတူ ပျောက်ဆုံးနေပါကြောင်း၊ ၎င်းအား သွေးဆောင်ဖြားယောင်းလက်ခံထားခြင်း မပြုလုပ်ရန်နှင့် အိမ်ခြံမြေပိုင်ဆိုင်မှု တို့သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းများဖြစ်၍ လက်ခံ၊ လွှဲပြောင်း၊ ပေါင်နှံ၊ ငှားရမ်း၊ ပေးကမ်းခြင်း မပြုလုပ်ရန် စသည့်ကြေညာချက်အပေါ် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါလှိုင်သည် လင်မယားချင်းစကားများပြီး သားသမီး(၂)ဦးနှင့်အတူ ၎င်း၏မိခင်နေအိမ်တွင် (၁၂-၂-၂၀၂၅) ရက်နေ့ကတည်းက ရောက်ရှိနေသည်ကို သိလျက်နှင့်ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်စိတ်ဂုဏ်သရေအား ထိခိုက်နစ်နာစေသည့် ကြေညာချက်ဖြစ်နေပါသဖြင့် (၁၇-၃-၂၀၂၅)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းပေးပါရန် ဦးရဲထွန်းအောင်၏ အများသိစေရန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါလှိုင် (၁၂/ရပသ(နိုင်)၀၇၀၆၃၀)၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညီညီမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၃၃)**
**ဖုန်း-၀၉-၄၂၀၇၁၇၂၅၇**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 22W/23593,Yin Xiang -125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေယျ ၉/မဟမ(နိုင်) ၀၀၅၀၆၆ ကယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၈၂၈၉၆, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးခိုင် ၉/မနမ (နိုင်)၀၀၅၄၇၈၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/1109, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက် ၈/နမန(နိုင်)၀၉၃၆၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

❖ သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများ စိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို ...

❖ သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော်တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၃ တန်ကျော်၊ ကက်တမင်း ကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၈**

ရန်ကုန်တိုင်းဒေသကြီးတွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၉၆ ဘီလီယံကျော် တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၃ တန်ကျော်၊ ကက်တမင်းကီလို ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၁၄၄) ရပ်ကွက် ဆင်ဖြူရှင်လမ်း အမှတ်(၅၄၆/၅၄၇)ရှိ ဂိုဒေါင်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ သန်းလွင်၊ ဝေယျာအောင် (ခ) သားကြီး၊ သန့်ကောင်းဆက်(ခ) ပေါင်ချိန်၊ ရဲရင့်နိုင်၊ လှသန်းဦး(ခ) ရာကွတ်တို့ ငါးဦးအား အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၂ တန်၊ TOYOTA HILUX ယာဉ် တစ်စီး၊ TOYOTA LAND CRUISER ယာဉ် တစ်စီးနှင့် MERCEDES BENZ ယာဉ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ အိုက်စ် (မက်သ်အဖက်တမင်း) များကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပန်ဆန်းမြို့တွင် နေထိုင်သူ တင်မောင်ဝင်း၏ အစီအမံဖြင့် သန်းလွင်မှ တာဝန်ခံ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ပြီး

*စာမျက်နှာ ၁၄ ကော်လံ ၁* ❍



ဖမ်းဆီးရမိသည့် တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများ၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

# မြန်မာဖိုက်တာ စိုးလင်းဦးနှင့် ဗြိတိန်ဖိုက်တာ ဟာရစ်ဆင် ထိုးသတ်မည်




**ရန်ကုန် မတ် ၁၈**

ONE Championship အဖွဲ့အစည်းက စီစဉ်ကျင်းပမည့် ONE 173 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ စိုးလင်းဦး တွဲဆိုင်းပါဝင်လာမည်ဖြစ်ပြီး ဗြိတိန်ဖိုက်တာ ဟာရစ်ဆင်နှင့် ယှဉ်ပြိုင်ထိုးသတ်ရမည်ဖြစ်သည်။

ONE 173 ပြိုင်ပွဲကို ဩဂုတ် ၁ ရက်တွင် အမေရိကန်နိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး စိုးလင်းဦးနှင့် ဟာရစ်ဆင် တွဲဆိုင်းကို ဘင်တန်ဝိတ်တန်း မွေထိုင်းစိန်ခေါ်ပွဲအဖြစ် ကျင်းပမည်ဖြစ်သည်။ စိုးလင်းဦးသည် ယင်းပွဲအတွက် ပြင်ဆင်ချိန် လေးလကျော် ရရှိမည်ဖြစ်ပြီး

*စာမျက်နှာ ၁၅ ကော်လံ ၁* ❖

**ယနေ့ သတင်းအညွှန်း**

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား ၁၆၉ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၉ ဦးနှင့် ဂျပန်နိုင်ငံသား တစ်ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၂၄၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့**

ပြည်တွင်းသတင်း စာ ၁၃